
www.dhammadownload.com




# ကယ်နိုင်တုန်း ကိုယ့်ကိုယ်ကယ်ကြပါ

(၂၂၊၃၊၆၁)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော် ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော်
အမှတ်စဉ်(၁၃)မှ ထုတ်နှုတ်ပုံနှိပ်ပါသည်။

၉၇

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။

ဖုန်း - ၅၄၁၈၆၀ , ၇၂၅၁၃၂

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# ကယ်နိုင်တုန်း

# ကိုယ့်ကိုယ်ကယ်ကြပါ

(၂၂-၃-၆၁)

www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် ၅၁/၉၆ (၁)

ထုတ်ဝေသူ ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# ကာယနိုင်တွန်း

# ကိုယ့်ကိုယ်ကာယကြည့်ပါ

(၂၂-၃-၆၁)

တရားနာကြလို့ရှိရင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ၁၇၉၂-ကြိမ်တိုင်တိုင် အရေးကြီးတဲ့စကားကို မှာတယ်ဆိုတာ ဒကာဒကာမတွေ မှတ်ရလိမ့်မယ်နော် . . . (မှန်ပါ့ဘုရား)။

ဘယ်လိုများ ကိုယ်တော်ကြီးက အရေးတကြီးပြောပါလိမ့်မလဲလို့ ဒကာဒကာမတွေ စူးစူးစိုက်စိုက်ပဲမှတ်ကြပါနော်. . . (မှန်ပါ့ဘုရား)။

ကိုယ်တော်မြတ်ကြီးကဖြင့် ၁၇၉၂-ကြိမ် တိုင်တိုင် မှာတယ်ဆိုတော့ဖြင့် ဩော်. . . သာမညအရေးကြီးလို့

www.dhammadownload.com



မှာတာမဟုတ်ပါလား၊ အလွန့်အလွန် အရေးကြီးလို့ မှာတယ် ဆိုတဲ့ဥစ္စာဖြင့်ကျုပ်တို့ ယုံမှားစရာမရှိပါဘူး . . . (မှန်ပါ့ ဘုရား)။

ဒါဖြင့် ဒီမှာတဲ့အတိုင်း ဘုန်းကြီးတို့ ဒကာဒကာမတွေ ကဂရုစိုက်တော့မယ် ဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ရလိမ့် မယ် . . . (မှန်ပါ့ဘုရား)။

အားလုံး ခန္ဓာဇာတ်သိမ်း မငြိမ်းသေးတဲ့ပုဂ္ဂိုလ်ဟူ သမျှဖြင့် ဂရုစိုက်ရလိမ့်မယ် . . . (မှန်ပါ့ဘုရား)။

## ပြောတာမှတ်ပြီး ခိုင်းတာလုပ်ပါ

ခန္ဓာဇာတ်သိမ်း ငြိမ်းပြီးသား ပုဂ္ဂိုလ်တွေအတွက် မှာတော့ ဒါအရေးမကြီးတော့ပါဘူး၊ ခန္ဓာဇာတ်သိမ်း မငြိမ်း သေးတဲ့ ပုဂ္ဂိုလ်တွေအတွက်မှာဖြင့် ဩော် . . . ဘုရားသည် ၁၇၉၂-ကြိမ် တိုင်တိုင် မှာတာဖြင့် တို့က သာမညနားနဲ့ ထောင်လို့လည်း မရဘူး၊ သာမညစိတ်ကူးကလေးနဲ့လည်း နေလို့ မတော်ဘူး၊ ခိုင်းတာလုပ်ပြီး သကာလ ပြောတာမှတ်ပြီး ခိုင်းတာလုပ်ဖို့ အရေးဟာဖြင့် အရေးကြီးတဲ့ ပုဂ္ဂိုလ်က ကြီးတယ်ဆိုရင် မသိတဲ့ပုဂ္ဂိုလ်က ယောင်ချာချာလုပ်နေလို့ မတော်ဘူး၊ အရေးကြီးပါတယ်ဆိုတဲ့စိတ်ထား ပြင်းပြရမယ် ဆိုတာကိုလည်း မှတ်ကြပါ (မှန်ပါ့ဘုရား)။

www.dhammadownload.com



ဒါ့ကြောင့် ခုနစ်ရက်တစ်ပတ်လိုလို သတိပေးရတယ်လို့ ဦးခင်မောင်တို့ မှတ်ရလိမ့်မယ်နော် . . . (မှန်ပါ့ဘုရား)။

ဘုရားတောင်မှ ၁၇၉၂-ကြိမ်မှာတော့ ဘုန်းကြီးတို့ ခုနစ်ရက်တစ်ပတ် ခဏခဏ သတိပေးရမှာပေါ့ . . . (မှန်ပါ့ဘုရား)။

## အတော်အရေးကြီးလို့မှာတာ

ဘုရား ၄၅-ဝါတည်း နေသွားတာပဲ၊ ၁၇၉၂-ကြိမ် တိုင်တိုင် မှာသွားတယ်ဆိုတော့ ဒါ အတော်အရေးကြီးတယ် ဆိုတဲ့ အဓိပ္ပာယ်ရှင်းနေပြီ . . . (ရှင်းပါပြီဘုရား)။

ဘာတုန်းဆိုတော့ 'ဈာယထ ဘိက္ခဝေ မာပမာဒတ္ထ' ဘိက္ခဝေ-ရဟန်းတို့၊ ဈာယထ-ခန္ဓာကိုယ် ဝိပဿနာရှုကြပါ . . . (မှန်ပါ့ဘုရား)။

ခန္ဓာ ဘာလုပ်ရမလဲ . . . (ဝိပဿနာ ရှုရပါမယ်) မာပမာ ဒတ္ထ-သားရေး၊ သမီးရေး၊ စီးပွားရေးကြောင့် မေ့မနေနဲ့ . . . (မှန်ပါ့ဘုရား)။

သားရေး၊ သမီးရေး၊ စီးပွားရေးကြောင့် ဘာတဲ့ . . . (မေ့မနေရပါဘုရား) ခန္ဓာ ဝိပဿနာရှုတဲ့အလုပ်ကို သားရေး၊ သမီးရေး၊ စီးပွားရေးကြောင့် မေ့မနေနဲ့တဲ့။

www.dhammadownload.com



ဩော် . . . ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခန္ဓာဝိပဿနာ ရှုကြလို့ သေသေချာချာ မှာတယ်နော် . . . (မှာပါတယ်ဘုရား) သားရေး၊ သမီးရေး၊ စီးပွားရေးကြောင့် . . . (မေ့မနေကြပါနဲ့ ဘုရား)။

ဩော် . . . သားရေး၊ သမီးရေး၊ စီးပွားရေးကြောင့်တော့ မေ့မနေကြနဲ့လို့ မှာထားပြန်တော့ ဩော် . . . တော်တော် အရေးကြီးတဲ့ စကားပါကလားဆိုတာ ပေါ်မလာဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

တော်တော်အရေးကြီးတဲ့ စကားဆိုတာ ပေါ်ပြီးသကာလ လာတော့ ဒကာဒကာမတွေက မသိတဲ့ပုဂ္ဂိုလ်က တော်အောင်နေလို့ တော်ပါ့မလား . . . (မတော်ပါဘုရား)။

မသိတဲ့ပုဂ္ဂိုလ်က တော်အောင် မနေကြပါနဲ့ဆိုတာ ဘုန်းကြီးတို့က ဘုရား၏ တပည့်သားတွေဖြစ်နေတော့ ဒကာဒကာမတွေမှာရပြန်တယ် . . . (မှန်ပါ့ဘုရား)။

ဒကာဒကာမတွေကတော့ ပိဋကတ်ကလဲ ကျွမ်းကျင်ကြတာ မဟုတ်တော့ကို ကိုယ်က သိထားတာကလေးကလဲ နည်းပြီးသကာလ နေပြန်တော့ မသိကြတော့ အရေးကြီးတာကို အရေးကြီးသလို ဆရာသမားက ကောင်းရာကို ညွှန်ပြရမယ်ဆိုတဲ့ ဝတ္တရားရှိတယ် . . . (မှန်ပါ့ဘုရား)။

www.dhammadownload.com



## မေ့လျော့ပေါ့ဆမနေနဲ့

ဒါ့ကြောင့် "ဈာယထ ဘိက္ခဝေ" ဘိက္ခဝေ ငါ၏ ချစ်သားတပည့်များတို့၊ ဈာယထ-ဝိပဿနာ အလုပ်ကို ရှုကြကွာ" ဝိပဿနာအလုပ်ရှုကြပါပေါ့ဗျာ (မှန်ပါ့) မာပမာဒတ္ထ-သားရေး, သမီးရေး, စီးပွားရေးကြောင့် မေ့လျော့ပေါ့ဆ မနေလိုက်ပါနဲ့ . . . (မှန်ပါ့ဘုရား)။

သားရေး, သမီးရေး, စီးပွားရေးကြောင့် . . . ဘာတဲ့ . . . (မေ့လျော့ပေါ့ဆမနေလိုက်ပါနဲ့ဘုရား) ဘာလုပ်နေရမှာတုံး . . . (ဝိပဿနာရှုနေရမှာပါဘုရား)။

မင်းတို့ ဒီလိုမလုပ်လို့ရှိရင် ဘာဖြစ်မလဲလို့ မေးတဲ့ အခါကျတော့ ပစ္ဆာ-သေရာ ညောင်စောင်း လျောင်းစက်တဲ့ အခါ ကာလကျမှ၊ မင်းတို့သည်တဲ့ ခန္ဓာရကတည်းက သေရာ ညောင်စောင်း လျောင်းစက်ရဦးမှာပဲကွာ၊ ကိုယ့်အိပ်ရာခန်းထဲမှာ ကိုယ်သေဖို့ရာ ကိစ္စရှိကြသေးသကိုးဗျ (မှန်လှပါ) မရှိကြပေဘူးလား . . . (ရှိပါတယ်ဘုရား)။

အဲဒီရှိတဲ့အခါကျတော့မှ 'ဝိပ္ပဋိသာရိနော' ငြော် ငါသည် သားရေး, သမီးရေး, စီးပွားရေး လိုက်နေတဲ့အတွက် ငါဖြင့် အခက်ကြီးခက်ပါပေါ့လားလို့ နှလုံးမသာယာခြင်း ရှိကြကုန်သည်၊ မာအဟုဝတ္ထ-အဲဒီအချိန်ကျမှ မဖြစ်ကြကုန်လင့် . . .။

www.dhammadownload.com



သားရေး, သမီးရေး, စီးပွားရေးကြောင့် ဒီအချိန်ကျမှ မင်းတို့သည် မျက်ရည်ကြီးငယ် မကျကြနဲ့ . . . (မှန်ပါ့ဘုရား)။

ကိုင်း . . . ဒါဖြင့် ဦးခင်မောင် ဒါအရေးမကြီးဘူးလား (ကြီးပါတယ်) ၁၇၉၂-ကြိမ်နော် . . . (မှန်ပါ့ဘုရား)။

ပိဋကတ်သုံးပုံကို ချုံးလိုက်တဲ့အခါကျတော့ ပါဠိတော်တွေ "ဈာယထ ဘိက္ခဝေ မာပမာဒတ္ထ" ဆိုတဲ့ မှာလုံးတွေကို စုလိုက်လို့ရှိရင်ဖြင့် ၁၇၉၂-ကြိမ်တိုင်တိုင် ရှေးဆရာတွေ မှတ်ထားကြတယ်နော် . . . (မှန်ပါ့ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတွေ ဘုန်းကြီးနဲ့တကွ အားလုံး သံဃာတော်တွေရော ဒီဒကာ ဒကာမတွေရော သေရာညောင်စောင်း သေရာအိပ်ရာကတော့ဖြင့် ကျုပ်တို့ခင်ဗျားတို့ ကြုံကြ တွေ့ကြရမှာ မလွဲတမ်းပေါ့ဗျာ. . . (မှန်ပါ့ဘုရား)။

အခုလို ဝိပဿနာတွေက ရှုမထား၊ ဒါနသီလတွေက ချို့တဲ့၊ ဝိပဿနာအလုပ်ကလည်း မလုပ်ဘဲနေပြီဆိုမှဖြင့် ကိုယ်တစ်ယောက်တည်း မြင်ရတဲ့ကိစ္စ လာလိမ့်မတဲ့ ဦးခင်မောင်- (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဘယ်သူမြင်ရမှာတဲ့ (ကိုယ်တစ်ယောက်တည်း မြင်ရမှာပါဘုရား)။

www.dhammadownload.com



ကိုယ်တစ်ယောက်တည်း မြင်ရတဲ့ကိစ္စတွေ လာလိမ့်မယ်လို့ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့မှတ်ရမယ်. . . (မှန်ပါ့ဘုရား)။

ကိုယ်တစ်ယောက်တည်း မြင်ရတဲ့ကိစ္စဆိုတော့ ဒကာ ဒကာမတို့ ဘယ်သူ့မှပြောလို့ တိုင်ပင်လို့ အကူအညီတောင်းလို့ မရတဲ့ကိစ္စဆိုလိုတယ်. . . (မှန်ပါ့ဘုရား)။

## သေခါနီးဇောဆိုတာ

တစ်ခါတည်း သေရတော့မယ်ဆိုတော့ မရဏာ သန္နဇောစောတယ်ဆိုတော့ သေခါနီးဇောပေါ့ဗျာ . . . (မှန်ပါ့) အဲဒီသေခါနီး ဇောသည်ကားလို့ဆိုရင် စောစောကလည်း စောတတ်တယ်၊ သေခါနီးမှာလည်း စောတတ်တယ်လို့ အဋ္ဌကထာ ဆရာများ နှစ်မျိုးပြထားတာရှိတယ် . . . (မှန်ပါ့)။

အဲဒီ သေခါနီးဇောက ကိုယ်က သားရေး၊ သမီးရေး၊ စီးပွားရေးကြောင့် ဝိပဿနာအလုပ်ကြီး အမေ့ကြီး မေ့ပြီးသကာလ သား လူလားမြောက်ဖို့ သမီးအိမ်ထောင်နေရာချထားရေး ဒါတွေသာ အရေးစိုက်ပြီးသကာလ ထိုက်တန်တဲ့ပုဂ္ဂိုလ်နဲ့ အိမ်ထောင်ကျဖို့ ဒါတွေသာ လှအောင် ဝအောင်ရှက်ဆောင်ပြီး နေကြမယ်ဆိုလို့ရှိရင်ဖြင့် ဝိပဿနာအလုပ်ကချို့တဲ့ပါတယ် (မှန်ပါ့ဘုရား) မချို့တဲ့ကြဘူးလား (ချို့တဲ့ပါတယ်ဘုရား)။

www.dhammadownload.com



## ငရဲသွားရမည့်ပုဂ္ဂိုလ်

အဲဒီကဲ့သို့ ချို့တဲ့တဲ့အခါကျတော့မှ ကိုယ်ကလည်း မနေသာ သေရွာသွားရတဲ့ကိစ္စကြီးကလည်း ကြုံလာရတယ် နော် (မှန်ပါ့)။

ကြုံလာတဲ့အခါကျတော့ ဖြုန်းခနဲကလည်း မသေ သေးတော့ ဦးခင်မောင်ရေ ခွေးနက်ကြီးတွေ မြင်လာတတ် တယ် (မှန်ပါ့) ခွေးနက်ကြီးတွေ မြင်လာတော့မှ ဩော် . . . ငါသည် ကားလို့ဆိုရင် တိရစ္ဆာန်ဘုံ သွားရတော့မယ်၊ တစ်နည်းအားဖြင့်လည်း ငရဲသွားရတော့မယ်၊ ငါသည် သားရေး သမီးရေး စီးပွားရေးနဲ့ အချိန်ဖြုန်းခဲ့တာတွေ အခုဖြင့် ကိုယ်ကျိုးနည်းပါပေါ့ကလား၊ ငါသွားရမည့်လမ်းက လမ်းဆိုးကြီးနဲ့ လမ်းကြမ်းကြီး ပါကလားဆိုတာ ပေါ်လာ တယ် . . . (မှန်ပါ့ဘုရား)။

သေပလား ဒီအချိန်မှာ (မသေသေးပါဘုရား) ဩော် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အခုဖြီးလိမ်း ပြုပြင်ဆင်ယင် ပြီး သကာလ စီးပွားတွေ တိုးတက်နေကြတာတွေ၊ ဆရာ သမားတွေနဲ့တကွ အားလုံးသံဃာတွေက ဝမ်းသာကြပါ တယ်တဲ့၊ ပေးနိုင်ကြတယ်၊ ကမ်းနိုင်ကြတယ်၊ လှူနိုင်ကြတယ်၊ လှူနိုင်ရင် သာသနာကြီး ကြီးပွားတယ်ဆိုတာ ဝမ်းသာကြပြား သော်လည်း လိုရင်းအလုပ်ဟာနေတော့ ကိုယ့်အတွက်မှာ

www.dhammadownload.com



လည်း ဒကာ ဒကာမတို့ မျက်ရည်ကြီးငယ်မကျရဘူးလား (ကျရပါတယ်ဘုရား)၊ သေခါနီးမှနော် (မှန်ပါ့) သေခါနီးမှ မရဏာသန္နဇောတွေ စောလာတော့မှ ခွေးနက်ကြီးတွေ မြင် ငရဲအိုးကြီးတွေကလည်း တပွက်ပွက်ဆူပြီး ငရဲမီးတွေက တဟုန်းဟုန်းတောက်၊ ဒါ. . . ငရဲသွားမှာ နိမိတ်မြင်လာ တယ်. . . (မှန်ပါ့)။

ကိုမြရွှေ သေပလားဗျာ (မသေသေးပါဘုရား) ဒကာ ဒကာမတို့ မသေခင်မြင်ရတဲ့. . . အလုပ်နော်. . . (မှန်ပါ့)။

စဉ်းစားနားထောင်ကြပါ ဒကာ ဒကာမတို့ အခု ပျော်သလောက် မျက်ရည်ကျရမှာ စိုးရိမ်လွန်းလို့ ဆရာဘုန်း ကြီး ပြောနေတယ်ဆိုတာ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့)။

အခု သားနဲ့သမီးနဲ့ ဆွေနဲ့ မျိုးနဲ့ ပျော်သလောက် နောက်ဆုံးပိတ် မျက်ရည်ကျမှာစိုးလို့ လုပ်သင့်တဲ့ အလုပ် လုပ်ထားပါဆိုတာ တိုက်တွန်းချင်လွန်းလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလည်းဟော, ဘုန်းကြီးတို့ကလည်း ဖြည့်စွက်ပြီးပြော . . . (မှန်ပါ့)။

## ပြိတ္တာဘုံသွားရမည့်ပုဂ္ဂိုလ်

တစ်ခါတည်း ပြိတ္တာဘုံသွားမည့်ပုဂ္ဂိုလ်ကျတော့ သေခါနီးမှာပဲ တောင်ကြီးတွေ ချောက်ကြီးကြားကြီးတွေမြင် လာတယ် (မှန်ပါ့ဘုရား)။

www.dhammadownload.com



မောင်ကို ကောင်းသေးရဲ့လား. . . (မကောင်းပါဘုရား) ဒီအချိန်ကျတော့မှ ကိုယ်မှားခဲ့တာကော မသိဘူးလား (သိပါတယ်ဘုရား)။

ဩော်. . . ငါအနေဆိုးနေလို့အသေဆိုးဖြင့်တွေ့ပေါ့ (မှန်ပါ့ဘုရား) အနေဆိုးနေခဲ့လို့ ဘာတုံး (အသေဆိုးတွေ့ရပါတော့မယ်ဘုရား)။

ဒကာ ဒကာမတို့အားလုံးပဲနော်. . . အင်မတန်အရေးကြီးတယ်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ၁၇၉၂-ကြိမ်တိုင်တိုင် ပိဋကတ်သုံးပုံ စုလိုက်တဲ့အခါ ဒါတွေမှာတဲ့ဥစ္စာ ဒကာသစ်တို့ သာမညအရေးလို့ဆိုကြမလားဗျာ. . . (မဆိုပါဘုရား)။

မဆိုကြပါနဲ့. . . တဲ့ ဒကာ ဒကာမတို့ အင်မတန်အရေးကြီးပါတယ်ဆိုတာဖြင့် ပေါ်လာကြပါပြီနော်. . . (မှန်ပါ့ဘုရား) အဲ ငရဲသွားမည့် ပုဂ္ဂိုလ်ဖြင့် ငရဲမီးတွေ ငရဲအိုးကြီးတွေ မသေခင်က မြင်ရပါတယ်. . . (မှန်ပါ့)။

## တိရစ္ဆာန်ဘုံသွားမည့်ပုဂ္ဂိုလ်

တိရစ္ဆာန်ဘုံသွားမည့် ပုဂ္ဂိုလ်ဖြင့်လည်း တိရစ္ဆာန်တို့၏ သွားပုံလာပုံ အမူအရာတွေ တောတွေတောင်တွေမြင်ရလို့ ပြိတ္တာဘုံသွားမည့်ပုဂ္ဂိုလ်ဖြစ်ရင် ချောက်ကြီးတွေ ကြားကြီး

www.dhammadownload.com



တွေမြင်ရလို့၊ နတ်ပြည်သွားမည့် ပုဂ္ဂိုလ်ဖြစ်လည်း ဒကာ ဒကာမတို့ နတ်သမီးဗိမာန်၊ ပဒေသာပင်ကြီးတွေမြင်ရလို့ . . နော်. . . (မှန်ပါ့)။

သို့သော် အသာထားပါဦး. . . တဲ့ ကိုယ့်အရေးက အပါယ်လေးပါးသွားဖို့ နိမိတ်တွေက မြင်ပြီးသကာလ လာတော့ ကိုယ်ကလည်း သေရတော့မှာ၊ ဒီတောင်ကလည်း မတက်နိုင်၊ မြင်ရတာကလည်း မကောင်းဆိုတော့ ပက်လက်ကလေးလှန်ပြီး မျက်ရည်တွေဟာ ဟိုဘက် ဒီဘက် စီးကျလာတယ်. . . (မှန်ပါ့ဘုရား)။

အလကား စီးကျတာလား. . . တဲ့ ကိုယ်ကျိုးနည်းပေါ့လို့ ဝမ်းနည်းတာလား. . . (ကိုယ်ကျိုးနည်းပေါ့လို့ ဝမ်းနည်းတာပါဘုရား)။

ကြောက်စရာကောင်းလိုက်တာ ဒကာ ဒကာမတို့ (မှန်ပါ့ကောင်းပါတယ်ဘုရား)။

## ခြောက်လှန့်နေတာမဟုတ်

အင်မတန် အရေးကြီးလို့ ဆရာသမားလည်း ကူညီဆုံးမနေတယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား) ဒါ. . . ခင်ဗျားတို့ကို ခြောက်နေတဲ့စကားလို့ ဒီလိုမယူနဲ့. . . (မှန်ပါ့ ဘုရား)။

www.dhammadownload.com



၁၇၉၂-ကြိမ် ဆိုတော့ ဦးခင်မောင် ခြောက်တာလား (မဟုတ်ပါဘုရား)။

ဟာ. . . တို့ဆရာဘုန်းကြီးက တို့ကို ဝိပဿနာ အား ထုတ်စေချင်လွန်းလို့ သံဃာတွေ လှူဒါန်းပေးကမ်းတာကို ပေးကမ်းစေချင်လွန်းလို့ ဒီလိုပြောနေတယ်လို့ ဒီအခြေအနေ မပါနဲ့. . . (မှန်ပါ့) ဘုရားကိုယ်တော်တိုင် ဟောလို့ ဆရာ ဘုန်းကြီး တစ်ဆင့်ပြောတယ်လို့ ဆိုတာသာ မှတ်လိုက်ပါ တော့. . . (မှန်ပါ့ဘုရား)။

## ဘုရားကိုယ်တော်တိုင်ဟောခဲ့တာ

ဘုရားကိုယ်တော်တိုင် ဟောတဲ့အတွက် (ဆရာဘုန်း ကြီးက တစ်ဆင့် ပြောပါတယ်ဘုရား)။

ဆရာဘုန်းကြီးက တစ်ဆင့်ပြောတဲ့ ကိစ္စကိုသာ သေသေချာချာမှတ်ကြပါတော့ဆိုတဲ့ဥစ္စာ ပြောရတယ်နော် (မှန်ပါ့ဘုရား)။ ဒကာဝရေ ဘယ်အချိန်ကျမှ မျက်ရည်ကျ ပါလိမ့်. . . (သေခါနီးကျမှ မျက်ရည်ကျပါတယ်ဘုရား)။

ဒါပြီးတော့ သေရတော့မယ်နော် . . . (မှန်ပါ့) တစ်ခါတည်း ခေါင်းအုံးပေါ် မျက်ဖြူကလည်းဆိုက်၊ ဒကာ ဒကာမတွေ မျက်ရည်တွေကလည်းကျ၊ ဝမ်းကလည်း နည်းလိုက်တာ လွန်းလို့ပေါ့ဗျာ (မှန်ပါ့)။

www.dhammadownload.com



ဝမ်းနည်းလိုက်တာလည်း လွန်လို့၊ ဘာ့ကြောင့် သူ နည်းပါလိမ့်မလဲမေးတော့လည်း ပြောချိန်ကမရှိဘူး. . . (မှန်ပါ့) ပြောချိန်က ဘယ့်နှယ်ဖြစ်နေသလဲ . . . (မရှိတော့ ပါဘုရား)။

ဩော်. . . ငါသည် သားကိစ္စ၊ သမီးကိစ္စ၊ ခင်ပွန်း ကိစ္စတွေနဲ့ လူ့ကိစ္စတွေ လိုက်ပြီးသကာလ နေတဲ့အတွက် ငါသည် ကိုယ်ရေးကိုယ်တာဖြစ်တဲ့ အသေဖြောင့်တဲ့ အလုပ်-မလုပ်မိဘဲနဲ့ အနေဆိုးနေခဲ့လို့ ငါ့မှာဖြင့် သွားရမည့် လမ်းက ဖြင့် အသေဆိုးသေပြီးသကာလ နောက်ဖြစ်ရမည့် လမ်းမကြီး ကဖြင့် ကိုယ်ကျိုးနည်းပေါ့. . . (မှန်ပါ့ဘုရား)။

ဒါ ဘယ်ပုဂ္ဂိုလ်မှာ ဖြစ်တာပါလိမ့် ဒကာ ဒကာမတို့ (သေကာနီးပုဂ္ဂိုလ်ဖြစ်ပါတယ်) သေကာနီးပုဂ္ဂိုလ်မှာ ဖြစ်ပါ တယ် . . . (မှန်ပါ့)။

ဒကာ ဒကာမတွေ ဘယ်ပုဂ္ဂိုလ်ဖြစ်ပါလိမ့် . . . (သေကာနီးပုဂ္ဂိုလ်မှာ ဖြစ်ပါတယ်ဘုရား)။

အဲ့ဒါကြောင့် မျက်ရည်တွေကျ၊ ခြေထောက်တွေက ဟိုကန် ဒီကန် တစ်ချို့လည်း အသံကလေး ထွက်ပြီးသကာလ မကယ်နိုင်ကြတော့ဘူးလား၊ မယူနိုင်ကြတော့ဘူးလားဆိုတာ ဦးခင်မောင် လာသေးသဗျ (မှန်ပါ့ဘုရား)။

ဒါ ဘယ်အချိန်လာတာပါလိမ့် (သေကာနီးမှာပါ

www.dhammadownload.com



ဘုရား) ကိုင်း. . . ဘယ်လိုနေခဲ့လို့ ဘယ်လိုနိမိတ်တွေ ထင်ပါ လိမ့်မတုံးဆိုတော့ ဆရာသမားတွေ ပြောကြားတဲ့စကား နားမထောင်ဘဲနဲ့ အနေဆိုးနေခဲ့တဲ့အတွက် အသေဆိုးဖြင့် ကြုံကြပြီ (မှန်လှပါဘုရား)။

အနေဆိုး နေခဲ့တဲ့အတွက် .... (အသေဆိုးဖြင့် ကြုံကြပါပြီ) ကိုင်း . . . ဒကာ ဒကာမတို့ ခုအချိန်ဟာ ကျုပ်တို့ ကယ်နိုင်, ယူနိုင်တဲ့ အချိန်ဆိုတာကော သဘော ကျကြပလား (ကျပါပြီဘုရား)။

## ကယ်နိုင်တုန်း ကိုယ့်ကိုယ်ကယ်ကြပါ

ကယ်နိုင်, ယူနိုင်တုန်းက ကိုယ့်ကိုယ်ကိုယ် ကယ်ကြ ပါ. . . (မှန်ပါ့ဘုရား) ဘယ်လိုမှာပါလိမ့်. . . (ကိုယ့်ကိုယ် ကိုယ် ကယ်ကြပါဘုရား)။

သူများကယ်ရမှာလား . . . ကိုယ့်ကိုယ်ကိုယ် ကယ် ရမှာလား (ကိုယ့်ကိုယ်ကိုယ် ကယ်ရမှာပါဘုရား)။

ဩော်. . . ခင်ဗျားတို့က ချော်လဲမှာစိုးတဲ့အခါကျ တော့ ခြေထောက်ကလေးတွေ တွန့်ပြီး၊ မြန်မြန်များ ပြန်ဆုတ် လိုက်သေးတယ် . . . (မှန်ပါ့)၊ ဒါ ကိုယ့်ကိုယ်ကိုယ် ကယ် တာကိုးဗျ . . . (မှန်ပါ့)။

www.dhammadownload.com



လမ်းမှာ ကင်းကလေး, ဘာကလေး တွေ့တဲ့အခါကျ တော့ ကိုယ့်ကိုယ်ကိုယ် ကယ်တာဖျတ်ခနဲ ခုန်သွားလိုက်တယ် (မှန်လှပါဘုရား)။

အို . . . အဲဒီ အကယ်တွေက ကိုယ့်ကိုယ်ကိုယ် ကယ် တာမဟုတ်သေးပါဘူး ဒကာ ဒကာမတို့ (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ အဲဒါ ကိုယ့်ကိုယ်ကိုယ် ကယ်တင်လိုက်ရ တယ်ဆိုတဲ့အဓိပ္ပါယ်ခင်ဗျားတို့ ရှင်းပါတယ်၊ အဲဒါကတော့နော် (မှန်ပါ့) ချောလဲမယ်ဆိုတော့ ခြေထောက်ကလေး ဆွဲရရင် တစ်ခါတည်း ဆွဲမထုတ်ကြဘူးလား (ဆွဲထုတ်ပါတယ်ဘုရား)

တိမ်းစောင်းသွားမယ်ဆိုရင် ကပျာကယာ မတည့် ကြဘူးလား (တည့်ပါတယ်ဘုရား)။

ဒါ ဘယ်သူ့ ကယ်တာပါလိမ့် . . . (ကိုယ့်ကိုယ်ကိုယ် ကယ်တာပါဘုရား) အဲဒီအကယ်က ဒီခန္ဓာကြီး ကယ်တော့ ကယ်တာပဲတဲ့၊ မလဲ, မကွဲအောင်သာကယ်တာလား . . . အပါယ်မသွားဖို့အတွက် ကယ်ဆယ်တာ ဟုတ်ပါရဲ့လား (မဟုတ်ပါဘုရား)။

မလဲ, မကွဲအောင်သာ ကယ်ဆယ်တာ ဦးခင်မောင် ရေ (မှန်ပါ့) တကယ်ချစ်ရာ ရောက်သေးရဲ့လား . . . (မရောက်ပါဘုရား)။

www.dhammadownload.com



## ဝိပဿနာရှုရလိမ့်မယ်

ယခု ဘုန်းကြီးနဲ့တကွ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတော်မူတာကဖြင့် ကိုယ့်ကိုယ်ကို ဒီအချိန်က စ, ကယ်ပါ၊ မလဲ, မကွဲတဲ့ အချိန်ကစပြီးသကာလ ကယ်ပါ၊ ဟို အကယ်က အကယ်မဟုတ်ပါဘူးနော်. . . (မှန်ပါ့)။

ကဲ. . . ဒါဖြင့်ဘာလုပ်ကြမလဲဆိုတော့ ခန္ဓာကိုယ် ဝိပဿနာရှုရလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

"ဈာယထ ဘိက္ခဝေ မာ ပမာဒတ္ထ" ဘိက္ခဝေ=ရဟန်းတို့ ဈာယထ = ဝိပဿနာရှုကြကွ. . .၊ မာပမာဒတ္ထ= သားရေး သမီးရေး စီးပွားရေးကြောင့် မေ့မနေနဲ့ ဆိုတဲ့ဥစ္စာ သေသေချာချာ မမှာဘူးလား . . . (မှာပါတယ်ဘုရား)။

ပစ္ဆာ = သေရညောင်စောင်းလျောင်းစက်တဲ့အခါ ကာလကျမှ၊ ဝိပ္ပဋိသာရီနော=ခွေးနက်ကြီးတွေမြင်၊ ငရဲမီး ငရဲအိုးတွေမြင်တော့ ဩော်. . . ငါမှားခြင်းကြီးမှားခဲ့ပြီလို့ နှလုံးမသာယာခြင်း ရှိကြကုန်သည်၊ မာအဟုဝတ္ထ=အဲဒီ အချိန်ကျမှ မကယ်နိုင်, မယူနိုင်တဲ့အချိန်ကျမှ မဖြစ်ကြပါစေ လင့်။

ဘုရားမှာတာနော် . . . (မှန်ပါ့ဘုရား) ဘုန်းကြီးက တစ်ဆင့်ပြောတာပါ. . . (မှန်ပါ့)။

www.dhammadownload.com



## ဘယ်နှစ်ကြိမ်မှာပါလိမ့်

အကြိမ်ပေါင်း ဘယ်လောက်မှာပါလိမ့်. . . (၁၇၉၂ ကြိမ်ပါဘုရား) အို. . . ဒကာ ဒကာမတို့ တကယ် သနားတဲ့ ကိုယ်တော်ကြီး မဟာကဿပရှင်ကြီးဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အဲဒါ ကျုပ်တို့က သူ့ကဿပ အသွာထားစမ်းပါ။ ကျုပ်တို့ ကိစ္စမပြီးသေးလို့ . . . တို့ကိုယ်တော်မြတ်ကြီးကို ခင်ဗျားတို့က တော်လှန်ချင်သေးလား. . . (မတော်လှန်ချင်ပါဘုရား)။

မလုပ်ကြပါနဲ့. . . မလုပ်ကြပါနဲ့၊ မတော်ဘူး၊ သူဟာ နိဗ္ဗာန်ဝင်တာတောင်မှ ကိုယ်တော်ကြီးဟာ ဝမ်းလျှောတဲ့ ဝေဒနာတွေခံစားပြီး ညည်းတော်မူတဲ့ ကိစ္စဆိုတာ ဘာမှ မလာဘူး. . . (မှန်ပါ့ဘုရား)။

တစ်ခါတည်း နိဗ္ဗာန်ဝင်ရတော့မယ်ဆိုတော့ ဒီခန္ဓာ ဝန်ချပြီး ဟိုခန္ဓာဝန်မရတဲ့အတွက် ပြုံးတော်မူပြီး နိဗ္ဗာန်ဝင် သွားတယ်. . . (မှန်ပါ့ဘုရား)။

သူ့ကိစ္စပြီးနေပြီ (မှန်ပါ့) ၁၇၉၂ ကြိမ်ဆိုတာ သူများ ကိစ္စပြောခဲ့တာ . . . (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ခြောက် လှန့် ဟောတဲ့တရားလည်း မဟုတ်ပါဘူး (မှန်ပါ့)။

www.dhammadownload.com



အမှန်, အကန်ပြောတဲ့ တရားလည်းဖြစ်နေတော့ ပြောရမည့် ဆရာသမားလည်းဖြစ်, နားထောင်တတ်တဲ့ ဒကာ ဒကာမတွေလည်းဖြစ်လိမ့်မယ်လို့ ဘုန်းကြီးလည်း ယုံကြည်ပြီး ပြောတာပဲ (မှန်လှပါဘုရား)။

အဲဒါ ခင်ဗျားတို့က ကြက်တွန့်တက်ပြီးသကာလ အနေဆိုးနေကြဦးမယ်ဆိုရင်ဖြင့် ကိုယ့်ကိုယ်ကိုယ်မှမကယ်တဲ့ ပုဂ္ဂိုလ်တွေပဲ (မှန်ပါ့ဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ. . . (ကိုယ့်ကိုယ်ကိုယ်မှ မကယ်တဲ့ပုဂ္ဂိုလ်တွေပါဘုရား)။

အံမာလေး. . . ကိုယ့်ကိုယ်မှ မကယ်တဲ့ပုဂ္ဂိုလ်ဖြင့် သားကယ်ချင်ပါတယ်၊ သမီးကယ်ချင်ပါတယ်၊ သားအတွက် တိုက်တည်ချင်ပါတယ်၊ ကားဝယ်ပေးချင်ပါတယ်ဆိုတာ လောကွတ်ပါပဲ၊ ကိုယ့်ကိုယ်မှ သူ့ သူမကယ်နိုင်တဲ့ပုဂ္ဂိုလ် ဟို အနတ္တကြီး သူက ကိုယ်ပိုင်လုပ်ချင်လို့ ဖြစ်နိုင်ပါ့မလား . . . (မဖြစ်နိုင်ပါဘုရား)။

အဲဒါကြောင့် မောင်ကိုတို့ ဘယ်သူ့အရင် ကယ်ရမတုံးဟေ့. . . (ကိုယ့်ကိုယ်ကို အရင်ကယ်ရပါမယ်ဘုရား)။

အဲ. . . ကိုယ့်ကိုယ်ကို ကယ်ပြီးသကာလ အရင်လုပ်ကြပါဆိုတာကို ဒကာ ဒကာမတို့ ခေါင်းအုံးပေါ် မျက်ရည်စီးကျတဲ့ အခြေအနေ မရောက်ပါစေနဲ့ဆိုတဲ့ အဓိပ္ပာယ် ရှင်း

www.dhammadownload.com



ပြပါတယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

'အယံ ဝေါ အမှာကံ အနုသာသနီ'

အယံ-ဤငါပြောခဲ့တဲ့ မသေခင်က ဝိပဿနာရှု၊ သေကာနီးမှ မျက်ရည်ကြီးငယ်ကျပြီး ဝမ်းနည်းတဲ့ကိစ္စကို မလုပ်ကြနဲ့ဆိုတဲ့စကားသည်၊ ဝေါတုမှာကံ-သင်ချစ်သားတို့အား အမှာကံ-ငါဘုရားတို့၏၊ အနုသာသနီ-ကြီးကျယ်လှစွာသော အဆုံးအမ အစစ်ကြီးပါပေတည်း. . . ဟု ဘုရားက မှာတော်မူတယ်. . . (မှန်ပါ့) သဘောပါကြပလား. . . (ပါပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘာလုပ်ရမှာပါလိမ့် . . . (ဝိပဿနာလုပ်ရမှာပါဘုရား) မလုပ်ဘဲနေရင် သေကာနီး မျက်ရည်ကျရလိမ့်မယ်. . . (မှန်ပါ့)။

မလုပ်ဘဲနေကြရင်. . . (သေကာနီးမျက်ရည်ကျရပါလိမ့်မယ်ဘုရား) မျက်ရည်ကျရလိမ့်မယ်ဆိုတော့ ကောင်းကြသေးရဲ့လား. . . (မကောင်းပါဘုရား)။

ကယ်နိုင်တဲ့အချိန်, ယူနိုင်တဲ့အချိန်ကော ရှိသေးရဲ့လား. . . (မရှိပါဘုရား) အင်မတန်နည်းသွားပြီနော်. . . (မှန်ပါ့)။

ကယ်နိုင်-ယူနိုင်တဲ့ ပုဂ္ဂိုလ်နဲ့တွေ့ဖို့ အဲဒီအချိန်ကျ

www.dhammadownload.com



တော့ အင်မတန်နည်းမသွားဘူးလား. . . (နည်းပါတယ် ဘုရား)။

အေး. . . ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီစကားကို အကြိမ်ပေါင်း ၁၇၉၂-ကြိမ်တိုင်တိုင်မှာတယ်ဆိုတာ ဦးခင်မောင် ကျုပ်တို့အရေးပါ၊ သူ့အရေးက တစ်ပဲသားမှ မပါပါဘူး. . . (မပါပါဘုရား)။

ကိုမြရွှေတို့ သူများအရေးပါသေးသလား (မပါပါ ဘုရား)။

ဦးဖုံရင်ရေ ကျုပ်တို့အရေးသက်သက်နော် (မှန်ပါ့ ဘုရား)။

ဘယ်သူ့အရေးပါလိမ့် . . . (တပည့်တော်တို့ အရေးသက်သက်ပါဘုရား)။

ဝေနေယျသတ္တဝါတွေ သနားတော်မူတဲ့အရေး သက်သက်ပါပဲ (မှန်ပါ့)။

ဒကာ၀ ဘယ်သူ့အရေးပါလိမ့် . . . (ဝေနေယျ သတ္တဝါတွေအရေးပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခုနစ်ရက် တစ်ပတ်လိုလို ဒါကလေး သတိပေးရတာကလည်း ဦးခင်မောင် မပေးရင် မတော်လို့နော်. . (မှန်ပါ့) ကဲ-သဘောပါကြပလား (ပါပါပြီ ဘုရား)။

www.dhammadownload.com



ဒါဖြင့် သားရေး သမီးရေး စီးပွားရေးကြောင့် အချိန်တွေ မဖြုန်းဘဲနဲ့ အင်း. . . အလုပ်ချိန်တော့လည်း လုပ်တာပေါ့ဗျာ. . . (မှန်ပါ့)။

## ကိုယ့်ကိုယ်ကို ကယ်တင်တဲ့အရေး

သူ့ကိစ္စနဲ့ချည့်အချိန်တွေမသုံးဘဲနဲ့ ကိုယ့်ကိစ္စ ကိုယ့်ကိုယ်ကို ကယ်တင်တဲ့အရေး ကိုယ့်အရေးထားပြီး လုပ်လိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)။

ကိုယ့်ကိုယ်ကို ကယ်တင်တဲ့အရေးကို (ကိုယ့်အရေးထားပြီး လုပ်လိုက်စမ်းပါ)။

ကိုယ့်အရေးထားပြီး ဘုန်းကြီးတို့ ဒကာ ဒကာမတွေ လုပ်လိုက်စမ်းပါ၊ ပြောလိုက်တယ်နော်. . . (မှန်ပါ့)။

ကဲ. . . ဒါ သဘောပါကြလို့ ဒကာ ဒကာမတွေ လုပ်ပါတော့မယ်ဆိုတဲ့ ကတိကိုဖြင့် ခင်ဗျားတို့ ဝမ်းထဲမှာ ထားကြပါတော့. . . (မှန်ပါ့)။

ဘာ့ကြောင့်တုံးလို့မေးတော့ ကိုယ့်ကိုယ်ကို ကယ်တင်တဲ့အလုပ်ဖြစ်နေလို့. . . (မှန်ပါ့ဘုရား) ဦးခင်မောင်. . . ဘာတဲ့. . . (ကိုယ့်ကိုယ်ကို ကယ်တင်တဲ့အလုပ် ဖြစ်နေပါတယ်ဘုရား)။

သားရေး၊ သမီးရေး၊ စီးပွားရေးဆိုတာ သူများကို

www.dhammadownload.com



ထောက်ပံ့ကူညီတာ . . . (မှန်ပါ့) ကိုယ့်ကိုယ်ကို ပစ်ထားတယ်. . . (မှန်လှပါဘုရား)။

အခု. . . ဆရာဘုန်းကြီးနဲ့တကွ ဘုရား ဟောတော်မူတာကတော့ ဒကာ ဒကာမတို့ ဘယ်သူ့ ကယ်တင်တာပါလိမ့်. . . (ကိုယ့်ကိုယ်ကို ကယ်တင်တာပါဘုရား)။

ဒါ့ကြောင့် 'ဈာယထ ဘိက္ခဝေ မာပမာဒတ္ထ' ဝိပဿနာရှုကြဟေ့-ဝိပဿနာရှုကြဟေ့ဆိုတာ ကိုယ့်ကိုယ်ကို ကိုယ်ရှုကြ ကိုယ့်ကိုယ်ကို ကယ်တင်ကြပါဆိုတဲ့အကြောင်းကို လေးစားစွာနဲ့ ကိုယ်တော်မြတ်ကြီး အကြိမ်ပေါင်း ၁၇၉၂-ကြိမ်တိုင်တိုင် မှာလိုက်တဲ့ဥစ္စာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ပေါ့ပေါ့တန်တန် စကားရယ်လို့ မယူလိုက်ကြပါနဲ့ဆိုတာ အထူးပဲ သတိပေးပါတယ်. . . (မှန်ပါ့) မပေးသင့်ဘူးလား (ပေးသင့်ပါတယ်ဘုရား)။

ကိုင်း. . . ဒါဖြင့် လုပ်ပါတော့မယ်ဆိုတော့ ဩော်-ဘယ့်နှယ်ကြောင့် ဒကာ ဒကာမတွေ သည်ကားလို့ဆိုရင် ဘုရားဘယ့်နှယ်ကြောင့် မှာပါလိမ့်မတုံးဆိုတော့ အကိုးကလေး တစ်ခု ပြလိုက်မယ်နော်. . . (မှန်ပါ့)။

အကိုးကလေး တစ်ခုပြလိုက်တော့ ပရိဗိုဇ် ရဟန်းတွေက မေးတယ် ရှင်သာရိပုတ္တရာကို၊ ရှင်သာရိပုတ္တရာ. . . အရှင်ဘုရားကတော့ ပညာအရာမှာ ဘုရားအောက် တစ်

www.dhammadownload.com



ယောက်သာရှိတယ်လို့ ဘုရားကလည်း ဗျာဒိတ်ပေးထားတယ်၊ အဲဒီတော့. . . အရှင်ဘုရား. . . သုခနဲ့ ဒုက္ခကိုဖြင့် ပြောစမ်းပါဘုရားလို့ သုခနဲ့ ဒုက္ခဆိုတာ ရှင်းပြစမ်းပါဦးလို့ ပရိဗိုဇ်က မေးတယ်နော်. . . (မှန်ပါ့)။

အဲဒီအခါကျလို့ရှိရင်ဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက . . . 'အဘိနိဗ္ဗတ္တိ ဒုက္ခံ' အဘိနိဗ္ဗတ္တိ-နောက်တဖန် ပဋိသန္ဓေနေခြင်းဟာဖြင့် နောက်တစ်ဖန်ဖြစ်ပေါ်ရခြင်းဟာ၊ ဒုက္ခံ-ဒုက္ခပဲကွာ. . . (မှန်ပါ့ဘုရား) 'အနဘိနိဗ္ဗတ္တိ' နောင်တစ်ဖန် မဖြစ်ရခြင်းသည်လည်း၊ သုခံ-သုခပဲ။

## နောင်တဖန်ပြန်မဖြစ်ရရင်သုခ

ဒကာ ဒကာမတွေ ဖြေပုံ သိပ်ရှင်းတယ်. . . (မှန်ပါ့) ဖြေပုံ သိပ်ရှင်းတယ်ဒကာ ဒကာမတို့ . . . (မှန်ပါ့-ရှင်းပါတယ်ဘုရား)။

နောင်တစ်ဖန်ပြန်ဖြစ်ရရင်. . . (ဒုက္ခပါဘုရား) နောင်တစ်ဖန် ပြန်မဖြစ်ရရင်. . . (သုခပါဘုရား)။

ဩော် . . . ဒါဖြင့် ပရိဗိုဇ်ရဟန်းက မေးလို့ ရှင်သာရိပုတ္တရာက ဖြေလိုက်တာ. . . တဲ့ အဘိနိဗ္ဗတ္တိ-တစ်ဖန် ဖြစ်ရခြင်းသည်လည်း၊ ဒုက္ခံ-ဒုက္ခပဲကွ၊ အနဘိနိဗ္ဗတ္တိ-တစ်ဖန် မဖြစ်ရခြင်းသည်လည်း၊ သုခံ-သုခပဲလို့ ရှင်သာရိပုတ္တရာက ဒုက္ခနဲ့

www.dhammadownload.com



သုခကို ဒကာဝ. . . အကျဉ်းအားဖြင့် ဖြေလိုက်တာ တယ်မိပါကလား. . . (မိပါတယ်ဘုရား)။

နောင်တစ်ဖန် ပဋိသန္ဓေ နေရရင်. . . (ဒုက္ခပါဘုရား) နောင် တစ်ဖန် ပဋိသန္ဓေမနေရရင်. . . (သုခပါဘုရား)။

ဩော်. . . ဒါဖြင့် ဒီစကားနှစ်လုံးဟာ ဒကာ ဒကာမတို့ . . . အရေးကြီးသလောက်ပဲ တိုပင်တိုငြားသော်လည်း အဖိုးမှာ မဖြတ်နိုင်အောင် တန်တယ်ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်ပါတယ်. . . (မှန်ပါ့) မရောက်ကြဘူးလား. . . (ရောက်ပါတယ်ဘုရား)။

နောင်တစ်ဖန် ပဋိသန္ဓေနေရရင်. . . (ဒုက္ခပါဘုရား) နောင်တစ်ဖန် ပဋိသန္ဓေမနေရရင်. . . (သုခပါဘုရား)။

အဲ. . . ဒါဖြင့် အကျယ်ပဲပြောစမ်းပါဦးဘုရား၊ အရှင်ဘုရား ကျဉ်းလွန်းလှပါတယ်လို့ ပရိဗိုဇ်ကမေးတဲ့အခါ နောင်တစ်ဖန် ပဋိသန္ဓေနေရလို့ရှိရင်ကွာတဲ့ ကျင်ကြီး၊ ကျင်ငယ်စွန့်တဲ့ကိစ္စတွေ၊ အိုရ နာရ သေရမည့်ကိစ္စတွေ၊ သားသမီးပေါ်များမည့် ကိစ္စတွေ၊ သုသာန်ထဲကို ကိုယ့်အသုဘဆိုပြီးသကာလ ထုတ်မည့်ကိစ္စတွေ၊ ကျင်ကြီး၊ ကျင်ငယ်ကိစ္စတွေကော ရှုပ်ပွေပြီးသကာလ နောက် ဘယ်ဂတိလားရမှန်းမသိ

www.dhammadownload.com



တဲ့ ကိစ္စတွေ ဒကာ ဒကာမတွေအားကြီးရှုပ်သွားမယ်. . . (မှန်ပါ့)မရှုပ်ဘူးလား. . . (ရှုပ်ပါတယ်ဘုရား) နောင်တစ်ဖန် ပဋိသန္ဓေနေရရင်လေ. . . (မှန်ပါ့)။

အဲဒီတော့ နောင်တစ်ဖန် ပဋိသန္ဓေ နေလို့ရှိရင် အပူနဲ့လည်းတွေ့ရမယ်၊ အအေးနဲ့လည်း . . . (တွေ့ရပါမယ်ဘုရား) နေသံ၊ လေသံတွေနဲ့ကော. . . (တွေ့ရပါမယ်ဘုရား)။

၉၆-ပါး ရောဂါတွေနဲ့ကော . . . (တွေ့ရပါမယ်ဘုရား) အဲ - တွေ့ရတဲ့အခါကျလို့ရှိရင် မသာ အခုစစ်ကြီးနဲ့ကော . . . (တွေ့ရပါမယ်ဘုရား)။

ကဲ. . . ဒကာ ဒကာမတို့ နောင်တစ်ဖန်ဖြစ်ရတဲ့ ဆင်းရဲဟာ ရေတွက်လို့မှဆုံးနိုင်စရာ မြင်သေးရဲ့လား. . . (မမြင်ပါဘုရား)။

အဲဒါကြောင့် နောင်တစ်ဖန် ဖြစ်ရတာ ဘာတဲ့. . . (ဒုက္ခပါဘုရား) နောင်တစ်ဖန် မဖြစ်ရတာ ဘာဆိုကြမယ် (သုခပါဘုရား)။

## နောင်တစ်ဖန်မဖြစ်ရတဲ့အလုပ်

အဲဒါကြောင့် ဘုန်းကြီးများက ဒကာ ဒကာမတို့ နောင်တစ်ဖန် မဖြစ်ရတဲ့အလုပ်ကို လုပ်ကြပါ ဆိုတာကို

www.dhammadownload.com



လည်း ဒီပါဠိတော်ကြီး၊ ဒသက နိပါတ် အင်္ဂုတ္တိုရ်မှာ လာတဲ့ အတိုင်း ဒကာ ဒကာမတို့အား. . . ဘုန်းကြီးများက ဟောရ ပါတယ်တဲ့၊ လမ်းမသိလို့ ပြောရပါတယ်နော်. . . (မှန်ပါ)။

ဟောရတယ် ပြောရတယ်ဆိုတာ လမ်းမသိတဲ့ ပုဂ္ဂိုလ်တွေပြတာပါပဲ. . . (မှန်ပါ့ဘုရား)။

နောင်တစ်ဖန် ဖြစ်ရရင် ဘာတဲ့. . . (ဒုက္ခပါဘုရား) နောင်တစ်ဖန် မဖြစ်ရရင်ဖြင့်. . . (သုခပါဘုရား) ရှင်းကြ ပလား. . . (ရှင်းပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် တပည့်တော်တို့ အင်မတန်ရှင်းသွား ပါပြီဘုရား၊ ကိုယ့်ကိုယ်ကို ကယ်တင်တဲ့ အလုပ်ဆိုတာသည် ကား နောင်တစ်ဖန် မဖြစ်အောင် ကယ်တင်မှ တော်တော့ မယ် (မှန်ပါ)။

နောင်တစ်ဖန် မဖြစ်အောင် (ကယ်တင်မှတော်တော့ မယ်ပါဘုရား) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ကိုယ့်ကိုယ်ကို ကယ်တင်တယ်ဆိုတဲ့ ဥစ္စာ ကိုယ့်ကိုယ် ကို ဒုက္ခသစ္စာကြီး၊ ဒုက္ခသစ္စာကြီးကို သုခသစ္စာဆိုတဲ့ နိရောဓ ဘက် ဆွဲတင်ရမယ်. . . (မှန်ပါ့ဘုရား)။

ဒီဟာမှသာလျှင် ဒကာ ဒကာမတို့ ကိုယ့်ကိုယ်ကို သနားလို့ ကိုယ့်ကိုယ်ကို ယဉ်ကျေးတဲ့ပုဂ္ဂိုလ်အဖြစ်သို့ ရောက်

www.dhammadownload.com



ပါတယ်ဆိုတဲ့ဥစ္စာ ဘုရားဟော . . . ဘုရားဟော ပါဠိတော်တွေ အများကြီးရှိပါတယ်. . . (မှန်ပါ့)။

ဒါဖြင့် ကိုယ်ကိုယ်ကို ကယ်တင်တဲ့ အလုပ်သည် ဒုက္ခဘက်မှ သုခဘက် ဆွဲတင်တာပဲ. . . (မှန်ပါ့)။

ကိုယ့်ကိုယ်ကို ကယ်တင်တဲ့အလုပ်ဆိုတာ ဘာပါလိမ့်. . . (ဒုက္ခဘက်မှ သုခဘက် ဆွဲတင်တာပါဘုရား)။

ဒီ ယခု ရ ထားတဲ့ ခန္ဓာကြီးက ဘာသစ္စာ (ဒုက္ခသစ္စာပါ) ကဲ. . . ဒီဒုက္ခသစ္စာကြီးကို နောင်မတွေ့လိုလို့ရှိရင်ဖြင့် ဒုက္ခချုပ်ကြောင်း အလုပ်ကို မဂ္ဂင်အလုပ်-လုပ်လိုက်တဲ့အခါကျတော့ ကယ်တင်ရာမရောက်ဘူးလား (ရောက်ပါတယ်) တစ်ခါတည်း နိဗ္ဗာန်ရောက်သွားတယ်. . . (မှန်ပါ့)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်ကိုယ်ကို သနားတဲ့ ပုဂ္ဂိုလ်ဖြင့် ကိုယ့်ကိုယ်ကိုကယ်တင်ဖို့ အရေးဟာဖြင့် အကြီးဆုံးအရေးထားကြပါ (မှန်ပါ) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

တရားလုပ်စေချင်လွန်းလို့ ဟောတာလား. . . ကိုယ့်ကိုယ်မှ မသနားတတ်တဲ့ အခြေအနေ ရောက်နေလို့ ပြောရဟောရတာလားဆိုတာလည်း ခင်ဗျားတို့ပဲ ဝေဖန်ပါတော့ (ကိုယ့်ကိုယ်မှ မသနားတဲ့ အခြေအနေရောက်နေလို့ ပြောရတာပါဘုရား) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

www.dhammadownload.com



## တဏှာပြောတာမသုံးပါနှင့်

ခင်ဗျားတို့ ကိုယ့်ကိုယ်ကို မသနားလို့ ကလေးသူငယ် လူမမယ်ကလေးက ရှိနေသေးလို့ ဘုရား . . . ဝိပဿနာ အလုပ်မလုပ်နိုင်သေးဘူးဘုရား. . .၊ စားရေး, သောက်ရေး က မပြည့်စုံသေးလို့ တပည့်တော်တို့မှာဘုရား. . . အရှင် ဘုရားတို့လိုလည်း လွယ်လွယ်ကူကူနဲ့ ဆွမ်းခံလို့က ရတာ မဟုတ်တော့ တပည့်တော်တို့မှာတော့ မလွယ်ဘူးဘုရား၊ ကိုယ့်ကိုယ်ကို ကယ်တင်တဲ့အလုပ်ကို ဆင်ခြေများလဲနေ တယ်. . . (မှန်ပါ့ဘုရား)။

ဘာလဲတာပါလိမ့် (ဆင်ခြေလဲတာပါဘုရား) အင်း . . . ကိုယ့်ကိုယ်ကို မသနားလို့ လဲတာပါဘုရား။

တပည့်တော်တို့ စက်ရှင်ကြီးကျနေတာကို အရှင် ဘုရားတို့သည်ကား အထူးမပြောပါနဲ့တော့ဘုရား၊ ကျမြဲ ကျပါရစေတော့ဆိုတဲ့ အဓိပ္ပာယ်ရောက်တယ် (မှန်ပါ့ဘုရား) မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)။

## ဉာဏ်ကပြောတာသုံးပါ

အဲဒါလောက် ဆိုးရွားတာကိုလည်း တဏှာက ပြော တာတွေကို မသုံးဘဲနဲ့ ဉာဏ်ကဟောတာကို သုံးပါ . . . (မှန်ပါ့)။

www.dhammadownload.com



တကျောကဟောတာကို (မသုံးဘဲနဲ့) ဉာဏ်က ဟော တာကို (သုံးရပါမယ်ဘုရား) အဲ. . . ဉာဏ်ကတော့ဖြင့် နင့်ကိုယ်နင် ကယ်တဲ့ . . . ဝိပဿနာအလုပ်လုပ်ဟဲ့. . . ဒါ ဘယ်သူက ပြောတာပါလိမ့်. . . (ဉာဏ်က ပြောတာပါ ဘုရား)။

တကျောကပြောတာတော့ အို. . . နင့်မှာ ဒီအလုပ် တော့ လုပ်တာပေါ့၊ မလုပ်ရဘူးလို့ မဆိုဘူး၊ နင့်သားသမီးတွေ တစ်ခါတည်း သူချင်းမတူ၊ သူချင်းမမျှ ဖြစ်နေမှာပေါ့. . . ဒါက ဘယ်သူက ဟောတာပါလိမ့်. . (တကျောကပါဘုရား)။

အဲဒီတော့ တကျောကဟောတာနဲ့ ဉာဏ်က ဟောတာ ကိုလည်း ဒကာ ဒကာမတို့ ဘယ်ဟာမိတ်ဆွေ ဘယ်ဟာ ရန်သူဆိုတာလည်း ခွဲလိုက်ပါဦး. . . (တကျောကရန်သူ ဉာဏ်ကမိတ်ဆွေပါဘုရား)။

တကျောက ဟောတာတော့ (ရန်သူပါဘုရား) ဉာဏ် ကဟောတာကတော့ (မိတ်ဆွေပါဘုရား) အဲ. . . မိတ်ဆွေ နောက်လိုက်လို့ရှိရင် ချမ်းသာရာရကြလိမ့်မယ်နော် (မှန်ပါ့) ရန်သူနောက် လိုက်လို့ရှိရင်မြုပ်ခြင်း မျောခြင်းလမ်း သွားကြ ရလိမ့်မယ် (မှန်ပါ့) မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ပေါ်ကြ ပြီ (ပေါ်ပါပြီဘုရား) ဒကာဝတို့မပေါ်သေးဘူးလား. . . (ပေါ်ပါပြီဘုရား)။

F 2B

www.dhammadownload.com



ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ လုပ်ကြပါစို့တဲ့၊ နောင်တစ်ဖန် ပဋိသန္ဓေမနေတဲ့အလုပ်လုပ်ကြပါစို့. . . (မှန်ပါ့ဘုရား) နောင်တစ်ဖန် ပဋိသန္ဓေနေရရင် ဘာတဲ့ဗျာ (ဒုက္ခပါဘုရား) ပဋိသန္ဓေမနေရရင်. . . (သုခပါဘုရား)။

အဲ-ပဋိသန္ဓေမနေရလို့ရှိရင်ဖြင့် ဇာတိ ဒုက္ခဆုံး၊ ဇရာ ဒုက္ခဆုံး၊ ဗျာဓိဒုက္ခဆုံး၊ ဇရာမရဏဒုက္ခဆုံး၊ ဒုက္ခဟူသမျှ ဆုံးတာသည် နောင်တစ်ဖန် ပဋိသန္ဓေမနေတာပဲ (မှန်ပါ့ ဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြစို့ ဒကာ ဒကာမတို့ နောင်တစ်ဖန် ပဋိသန္ဓေမနေတဲ့အလုပ်ကို မနေ့ကပြောတဲ့ဝတ္ထုလိုပဲ ဘုရား သခင်ကိုယ်တော်မြတ်ကြီးက လုပ်ပုံ လုပ်နည်းနှင့်တကွ ပြော တာကို ကျုပ်တို့လုပ်ကြစို့ဆိုတော့ (မှန်ပါ့ဘုရား) ဒါ. . . ဝိပဿနာ အလုပ်သင်တော့မှာပဲ. . . (မှန်ပါ့)။

ဝိပဿနာ အလုပ် သင်တော့မယ် ဒကာ ဒကာမတို့ ဝိပဿနာအလုပ် လုပ်ကြလို့ရှိရင်ဖြင့် ဩော်. . . ဘာလုပ် ပါလိမ့်မတုံးလို့ အထူးတလည်မမေးကြဘဲနဲ့ကိုယ်ကိုယ်ကို ကယ်တင်တဲ့အလုပ်ဆိုတာ ဆုံးဖြတ်ချက်ချလိုက်. . . (မှန်ပါ့)။

ဝိပဿနာအလုပ်ဆိုတာဘာပါလိမ့် (ကိုယ့်ကိုယ်ကို ကယ်တင်တဲ့ အလုပ်ပါဘုရား) ဒါဖြင့် ဒကာ ဒကာမတွေ

F 2A

www.dhammadownload.com



နောက်ဘုန်းကြီးကမေးလိမ့်မယ်၊ ဆရာကောင်း သမားကောင်းတွေက မေးလိမ့်မယ်၊ ဒကာဒကာမတို့ ဝိပဿနာများရကြရဲ့လား၊ နည်းနည်းပဲဘုရား (မှန်ပါ့) ခင်ဗျားတို့က လျှောက်ချင် လျှောက်မယ် . . . (မှန်ပါ့ဘုရား)။

နည်းနည်းကလေးပဲဘုရား လုပ်ရတာက ကိစ္စတွေကများလွန်းလို့ နည်းနည်းပဲကယ်ရတယ် (မှန်ပါ့) ဘယ်သူ့ကယ်ရတာပါလိမ့် (ကိုယ့်ကိုယ်ကို ကယ်ရတာပါဘုရား)။

များများကနစ်နေတယ် (မှန်ပါ့) နည်းနည်းကယ်ရတော့ များများက ဘယ့်နှယ်ဖြစ်နေသလဲ (နစ်နေပါတယ်ဘုရား) အဲဒါ ကျေနပ်တဲ့သဘောနဲ့ လျှောက်နေတဲ့အဓိပ္ပာယ်ကော မရောက်ဘူးလား . . . (ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် စကားတတ်လို့ပြောသည် မဟုတ်ပါဘူး၊ ခင်ဗျားတို့ ကိုယ့်ကိုယ်ကို မသနားကြလို့ ဟောခြင်း ဖြစ်ပါတယ် (မှန်ပါ့ဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား) ကိုယ့်ကိုယ်ကို မသနားတတ်လို့ . . . (ဟောခြင်းဖြစ်ပါတယ်ဘုရား) ဟောခြင်းဖြစ်ပါတယ်ဆိုတာကော သေချာပလား . . . (သေချာပါတယ်ဘုရား)။

www.dhammadownload.com



## ပုထုဇဉ်ရဟာန်း

အဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ မနေ့က ပုထုဇဉ် ရဟန်းသည်ကားလို့ ဆိုရင် လျှောက်ပုံကို ဒကာဒကာမတွေ မနေ့က အကျယ်တဝင့် တော်တော်ကလေးပြောလို့ ဒီနေ့ တော့ အဲဒိုနဲ့ပြောပြီးသကာလ သူ ဘုရားဆီ သွားလျှောက် ပြီး ဘုရားက အဖြေပေးပုံ ပြောပြဦးမယ် . . . (မှန်ပါ့)။

ရဟန်းလေးပါးရှိတယ်၊ ရဟန္တာချည့်ပဲနော် . . . (မှန်ပါ့) ဒကာဒကာမတို့ ဒီလေးပါး ဘာပါလိမ့် . . . (ရဟန္တာ ချည့်ပါဘုရား) ရဟန္တာလေးပါးကို ဒီပုဂ္ဂိုလ်က ပုထုဇဉ် ရဟန်းက အရှင်ဘုရားတို့ အမြင်မှန်ရတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါ တယ်၊ တပည့်တော်ကို အမြင်မှန်ပြောပေးစမ်းပါလို့ ပုထုဇဉ် က မလျှောက်လားဗျာ . . . (လျှောက်ပါတယ်ဘုရား)။

## ရဟန္တာလေးပါးအဖြေ

လျှောက်တဲ့အခါကျတော့ အာယတန ခြောက်ပါး ဖြစ်ပျက်ရှုလို့ရှိရင် အမြင်မှန်ရပါလိမ့်မယ်ကွ . . . (မှန်ပါ့ ဘုရား) မဟောဘူးလား . . . (ဟောပါတယ်ဘုရား)။

ဒါ. . . မြန်မာလိုပြောလိုက်တာနော် (မှန်ပါ့) စက္ခု သောတ ဃာန ဇိဝှာ ကာယ မနဆိုတဲ့ အာယတန ခြောက်ပါး၊ အဇ္ဈတ္တိကာယတနခြောက်ပါး စာလိုသုံးရင် . . .

www.dhammadownload.com



(မှန်ပါ) မြန်မာလို သုံးတဲ့အခါကျတော့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် . . . (မှန်ပါဘုရား)။

ဒါတွေကို ဟုတ်တိုင်းမှန်စွာ ဖြစ်ခြင်း၊ ပျက်ခြင်းမြင်လို့ ရှိရင် အမြင်မှန်ပါပဲကွာ . . . လို့ ပထမ ရဟန္တာကြီးက ဖြေလိုက်တယ် . . . (မှန်ပါ)။

## အာယတနခြောက်ပါးဖြစ်ပျက်မြင်ရင်

ကဲ . . . ဒကာ ဒကာမတွေကော သဘောကျရဲ့လား . . (ကျပါတယ်) ဖြစ်ပျက်မြင်ရင် ဘာတဲ့ . . . (အမြင်မှန်ပါ) အာယတနခြောက်ပါး ဖြစ်ပျက်မြင်ရင်ဘာတဲ့ . . . (အမြင်မှန်ပါဘုရား)။

ဩော် . . . ဒကာ ဒကာမတွေ သန္တာန်၌ ဒီ . . . အာယတန ခြောက်ပါးသည် လူတိုင်းရှိကြတယ်ဆိုတာ သေချာကြပလား . . . (သေချာပါတယ်ဘုရား)။

အဲဒီ ရှိတာကလေးကို ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်နဲ့ ခန္ဓာကိုယ်ထဲ နေတာကလေးကို "သဗ္ဗေ သင်္ခါရာ အနိစ္စာ" ဆိုတဲ့အတိုင်း အနိစ္စသဘောကလေးနဲ့ နေတာကလေးကို ဒကာ ဒကာမတွေက မြင်အောင်ကြည့်ပါတဲ့၊ အဲဒါအမြင်မှန်ပါပဲ . . . (မှန်ပါဘုရား)။

ဒါကြည့်လိုက်တဲ့အခါကျတော့ ယောက်ျားလည်းမတွေ့

www.dhammadownload.com



ဘူး၊ မိန်းမလည်း မတွေ့ဘူး၊ ကိုယ့်ကိုယ်လည်း မတွေ့တော့ဘူး . . . (မှန်ပါ့ဘုရား) ဘာတွေ့ပါလိမ့် . . . (ဖြစ်ပျက်တွေ့ပါတယ်ဘုရား) အဲ-ဖြစ်ပျက်တွေ့တော့ ဒီအမြင်ဘယ့်နှယ် ဆိုကြမယ်. . . (အမြင်မှန်ပါဘုရား)။

ဩော် . . . ဒါဖြင့် ဒကာ ဒကာမတို့ နဂိုကလည်း ဖြစ်ပျက်ရှိလို့ အခုတစ်ခါ ကြည့်လိုက်တဲ့အခါလည်း ဖြစ်ပျက်သိတဲ့ ဉာဏ်ကလေးက ပေါ်လာတော့ ဩော် . . . ဖြစ်ပျက်ရှိလို့ ဖြစ်ပျက်သိတာဖြင့် ဦးခင်မောင် ဘာဆိုကြမယ်. . . (အမြင်မှန်ပါဘုရား) ဒကာ ဒကာမတို့ အမြင်မှန် ကျေနပ်ကြပလား . . . (ကျေနပ်ပါတယ်ဘုရား)။

အေး-ဒီအမြင်ကလေးကိုဖြင့် ဒကာဒကာမတွေ . . . ကြည့်ဖြစ်အောင် ကြည့်ကြစမ်းပါ (မှန်ပါ့) ဒါ . . . ရဟန္တာပြောတာကိုး‌ဗျ . . . (မှန်ပါ့) ဒီရဟန္တာက ဒီအမြင်မှန်နဲ့ သူ နိဗ္ဗာန်ရောက်လာခဲ့တာ . . . (မှန်ပါ့)။

ဒီ ၁-နံပါတ် ရဟန္တာက ဘာတဲ့ . . . (ဒီအမြင်မှန်နဲ့ နိဗ္ဗာန်ရောက်လာတာပါဘုရား) ပုထုဇဉ်ရဟန်းကတော့ ဦးခင်မောင် ဒီမကျေနပ်တာနဲ့ အရှင်ဘုရား ဒီအမြင်မှန်သည် ခန္ဓာငါးပါးမစုံဘူး၊ ခွင်းချက်ရှိတယ်ဆိုပြီး သွားလိုက်တော့ အရှင်ဘုရားလိုပုဂ္ဂိုလ် ဘယ်မှာရှိသေးသတုံး မေးပြီးတော့ ဒုတိယရဟန္တာဆီသွားတယ် . . . (မှန်ပါ့)။

www.dhammadownload.com



## ခန္ဓာငါးပါးဖြစ်ပျက်မြင်ရင် အမြင်မှန်

ဒုတိယ ရဟန္တာဆီသွားပြီး အရှင်ဘုရား အမြင်မှန်ကလေး တပည့်တော် အမိန့်ရှိစမ်းပါဘုရားလို့ သဒ္ဓါယတနဝဂ္ဂသံယုတ်မှာ ဟောပြန်တော့ ဟ . . . အမြင်မှန်ဆိုတာ တခြားမဟုတ်ပါဘူးကွာ . . . ခန္ဓာငါးပါးဖြစ်ပျက်ရင် အမြင်မှန်ပါပဲ (မှန်ပါ့)။

ဒုတိယရဟန္တာဘယ်လိုများ ဖြေလိုက်ပါလိမ့် . . . (ခန္ဓာငါးပါး ဖြစ်ပျက်မြင်ရင် အမြင်မှန်ပါဘုရား) ခန္ဓာငါးပါး၏ ဖြစ်မှုပျက်မှု မြင်လို့ရှိရင်ဖြင့် တစ်ပါးပါး၏ ဖြစ်မှုပျက်မှုမြင်လို့ရှိရင် ဘယ်နှယ်တဲ့ . . . (အမြင်မှန်ပါဘုရား)။

ဩော် . . . ဒီကိုယ်တော်ကလည်း အကုန့်ဟောတာကိုး ဟိုကိုယ်တော်ကတော့ မကုန်ဘူး . . . (မှန်ပါ့)။

ပထမကိုယ်တော်က ခြောက်ခုသာဆိုတာ ခန္ဓာငါးပါး မစုံဘူးပေါ့ဗျာ . . . (မှန်ပါ့ဘုရား)။

ဒုတိယ ကိုယ်တော်ကတော့ စုံတော့စုံတယ်တဲ့၊ သို့သော်လည်း တစ်ပါးနဲ့တစ်ပါး မတူတော့ကို စုံစမ်းရေးဆိုတာတော့ စုံစမ်းတာ ကောင်းတယ်လေဆိုပြီး အရှင်ဘုရားလိုမြင်တဲ့ ပုဂ္ဂိုလ်များ ဘယ်မှာရှိပါသေးသတုံး . . . တဲ့။

ဟော . . . တတိယပုဂ္ဂိုလ် ရှိသေးတယ်ကွလို့ ညွှန်လိုက်တော့ တတိယပုဂ္ဂိုလ်ဆီမှာ ပုထုဇဉ်ရဟန်း ရောက်မသွားဘူးလား . . . (ရောက်သွားပါတယ်ဘုရား)။

www.dhammadownload.com



## ဓါတ်ကြီးလေးပါးဖြစ်ပျက်မြင်ရင်အမြင်မှန်

မေးပြန်တာပဲ ဒကာ ဒကာမတို့ . . . "အရှင်ဘုရား . . . တပည့်တော် ပုထုဇဉ် ရဟန်းလည်းဖြစ်ပါတယ်၊ အမြင်မှန်ကလေးကို အရှင်ဘုရားတို့ ဆုံးမကြပါ။ သွန်သင်ကြပါဆိုတော့"၊ အို . . . 'ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော' တစ်ခုခု ဖြစ်ပျက်မြင်ရင် အမြင်မှန်ပေါ့ကွာ . . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ပုထုဇဉ်က မကျေနပ်ဘူး . . . (မှန်ပါ့) ဒီကိုယ်တော်က သာနည်းသေးတယ် . . . (မှန်ပါဘုရား)။

ဒီကိုယ်တော်ကသာ နည်းသေးတယ်ဆိုပြီးတော့ သူ့စိတ်ထဲ ကျေကျေနပ်နပ်ရှိပါရဲ့လား . . . (မရှိပါဘုရား)။

သူ ကျေနပ်တာ - မကျေနပ်တာ အပထား ဒကာ ဒကာမတို့ ဒါဟာ ကာယာနုပဿနာ သတိပဋ္ဌာန် . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘာပါလိမ့်ဗျာ - (ကာယာနုပဿနာသတိပဋ္ဌာန်ပါဘုရား) ကာယာနုပဿနာ သတိပဋ္ဌာန် ဟောတာဖြင့် ဒါလွဲတယ်လို့ ဆိုစရာ မြင်သေးရဲ့လား . . . (မမြင်ပါဘုရား)။

အဲဒီလောက်တောင် မှန်နေတဲ့ သတိပဋ္ဌာန်ကိုပင် လျှင် ပုထုဇဉ်ရဟန်းက ဩော် . . . ဒီပုဂ္ဂိုလ်က သာပြီး

www.dhammadownload.com



ခြင်းချက်နဲ့ ဟောပါကလား၊ ခန္ဓာ ငါးပါးတောင်မှ မစုံပါကလား၊ ခတ်လေးပါး ဟောနေပါကလား . . . တဲ့။

ဘာပဲဟောဟော ဒကာဒကာမတို့ ဖြစ်ပျက်မြင်လို့ရှိရင် အမြင်မှန်ပဲ . . . (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် သတိပဋ္ဌာန်ပါဠိတော်ကြီးကျတော့ . . . 'သမုဒယဓမ္မာ နုပဿီဝါ ဝယဓမ္မာ နုပဿီဝါ' လို့ သမုဒယနဲ့ ဝယအရေးကြီးသကွာ . . . (မှန်ပါ့ဘုရား) မဟောဘူးလား (ဟောပါတယ်ဘုရား)။

အဲဒါကြောင့် ဖြစ်ပျက်မြင်ဖို့ အရေးကြီးတယ် ဆိုတာ ဒကာဒကာမတွေ ကြိုးစားမှတ်ပြီး ခန္ဓာကိုယ်ဉာဏ်စိုက်ကြစမ်းပါ (မှန်ပါ့ဘုရား)။

ဘယ်လိုမှာပါလိမ့် . . . (ကြိုးစားမှတ်ပြီး ခန္ဓာကိုယ်ဉာဏ်စိုက်ကြပါဘုရား)။

ခန္ဓာကိုယ် ဉာဏ်စိုက်ကြစမ်းပါတဲ့၊ ခန္ဓာဉာဏ်စိုက်လိုက်ပြီဆိုမှဖြင့် ခန္ဓာရှိတာကို ခန္ဓာကပဲ ပြောပါလိမ့်မယ် . . . (မှန်ပါ့ဘုရား)။

ဘယ်သူက ပြောမလဲ . . . (ခန္ဓာကပဲ ပြောမှာပါ) ခန္ဓာက ပြောမနော် . . . (မှန်ပါ့) ဘုန်းကြီးက ပြောတာကို ချင့်ယုံချင်ယုံပါ ခန္ဓာကပြောတာကိုဖြင့် တစ်ခါတည်း စိုက်စိုက်သာ ယုံလိုက်ပါတော့ ဆိုတာကို လေးနက်စွာပဲ

www.dhammadownload.com



ဒကာဒကာမတွေ မှတ်သားခိုင်းလိုက်ပါတယ် (မှန်ပါ့ဘုရား)။

ခန္ဓာကပြောတာဖြင့် လေးလေးနက်နက် မှတ်လိုက်စမ်းပါဆိုတာ ဒကာဒကာမတွေ တိုက်တွန်းရင်း သတိပေးရင်းနဲ့ပဲ ဒီနေ့ ဟောနေပါတယ် . . . (မှန်ပါ့) သဘောပါကြပလား . . . (ပါ, ပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့ ခုတ်လေးပါးထဲက လမ်းသွားတယ်၊ လှုပ်လိုက် ငြိမ်လိုက်ဆိုတာ မရှိပေဘူးလား (ရှိပါတယ်ဘုရား)။

ဩော် . . . လှုပ်လိုက် ငြိမ်လိုက်ဆိုတဲ့ဥစ္စာ လှုပ်တာ သည်ကားလို့ဆိုရင် လှုပ်တဲ့ဝါယော၊ ငြိမ်သွားပြန်တော့ ဒီဝါယောဟာ အကုန်ပျက်သွားတယ်. . . (မှန်ပါ့ဘုရား)။

တစ်ခါငြိမ်ရာကနေ လှုပ်ပြန်တော့ ထောက်ကန်ဝါယောဆိုတာ ငြိမ်အောင်လုပ်တဲ့ ဝါယော ဦးခင်မောင်-ပျက်ပြန်တယ် (ပျက်ပါတယ်) လှုပ်တဲ့ဝါယောနဲ့ သွားနေတယ် . . . (မှန်ပါ့ဘုရား)။

## လှုပ်တဲ့ရုပ်ကတခြား

ဒါဖြင့်- လှုပ်လိုက်ငြိမ်လိုက်ဆိုတဲ့ဥစ္စာ လှုပ်တဲ့ရုပ်ကတခြား ငြိမ်တဲ့ရုပ်ကတခြားဆိုတော့ လှုပ်တဲ့ရုပ်ဖြစ်ပျက်ပြီးမှ ငြိမ်တဲ့ရုပ်သည်ကားလို့ ဆိုရင် ဖြစ်ပေါ်ရတယ် . . .

www.dhammadownload.com



(မှန်ပါ့) ဒီလိုဆိုတော့ လှုပ်တဲ့ရုပ်လည်း ဖြစ်ပြီးပျက်သွားတာပဲ (မှန်ပါ့) ငြိမ်တဲ့ရုပ်ကော . . . (ဖြစ်ပြီးပျက်တာပါဘုရား)။

ငြိမ်တဲ့ရုပ်လည်း လှုပ်လိုက်သည်နဲ့တစ်ပြိုင်နက် သူဖြစ်ပြီးပျက်သွားတာပဲ . . . (မှန်ပါ့ဘုရား)။

အင်း . . . ခန္ဓာကိုယ်တစ်ကိုယ်လုံး ကြည့်လိုက်တော့ ဒကာဒကာမတွေ ရုပ်တွေကြည့်လိုက်လည်း ဖြစ်ပျက်ပဲ ရှိတာပဲ . . . (မှန်ပါ့ဘုရား)။

တတိယ ရဟန္တာဟောတာလည်း မမှန်ဘူးလားဗျာ (မှန်ပါတယ်ဘုရား)မှန်ပင်မှန်ငြားသော်လည်း ဒီပုဂ္ဂိုလ်ဟာလည်း ခြွင်းချက်နဲ့ပြောတယ် . . . တဲ့၊ ခန္ဓာငါးပါးတောင် မစုံဘူး၊ ရူပက္ခန္ဓာတစ်ပါးတည်း ဟောတယ်၊ အရှင်ဘုရားလိုများ ရဟန္တာဖြစ်ပြီး အမြင်မှန်ရတာ ရှိသေးသလားလို့ မေးတော့ ဟောဟိုမှာ တစ်ပါးရှိသေးတယ် မင်းသွားမေးပါ ဆိုပြီး သကာလ အမေးခိုင်းလိုက်လို့ ဒကာ ဒကာမတို့ စတုတ္ထ ရဟန္တာဆီ ရောက်ပြန်တယ် . . . (မှန်ပါ့ဘုရား)။

## ဖြစ်တတ်တဲ့တရားပျက်တယ်

စတုတ္ထရဟန္တာဆီ ရောက်ပြန်တော့လည်း အရှင်ဘုရား . . . တပည့်တော် ပုထုဇဉ်ရဟန်းဖြစ်ပါတယ်၊ အမြင်မှန်ကလေးဖြင့် အရှင်ဘုရားများ ဆုံးမပါ, သွန်သင်ပါဆိုတော့

www.dhammadownload.com



. . . ငါ့ရှင် ဖြစ်တတ်တဲ့ တရားပျက်တာချည့်ပဲ၊ အဲဒါရှု အဲဒါ အမြင်မှန်ပဲ (မှန်လှပါဘုရား)။

အို . . . သူက သာရှင်းတယ် (မှန်ပါ့) ဖြစ်တတ်တဲ့ တရားဟာ (ပျက်တာချည်းပါဘုရား)။

အဲ. . . ဖြစ်တဲ့တရားဟာ ပျက်တာပဲရှိတယ်ဆိုတော့ ဦးခင်မောင် ကုန်ပြီဗျ. . . (ကုန်ပါပြီဘုရား)။

"ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံတံ နိရောဓဓမ္မန္တိ" လို့ စတုတ္ထရဟန္တာကြီးက ဟောလိုက်ပါတယ်နော် . . . (မှန်ပါ့ ဘုရား)။

ဟောလိုက်တဲ့အခါကျလို့ရှိရင် ဒကာဒကာမတွေ တရားတော့ဖြင့် ကုန်နေပြီ (မှန်ပါ့) ပုထုဇဉ်က ကျေနပ် မကျေနပ် (မကျေနပ်ပါဘုရား)။

တရားက ဘယ့်နှယ်နေသတုံး (ကုန်ပါပြီ) တရား ကတော့ ကုန်နေပြီ-တဲ့၊ ပုထုဇဉ်ရဟန်းက မကျေနပ်တော့ ဒကာဒကာမတို့ ရဟန္တာတွေဆိုတာက သုံ့တက်လာတဲ့ လမ်းကတော့ဖြင့် လမ်းမှန်ချည့်သာ ကောန်ပါပဲ . . . (မှန်ပါ့) သူ မကျေနပ်တာတော့ မတတ်နိုင်ဘူး . . . (မှန်ပါ့) ဒီပုဂ္ဂိုလ် တွေ ဒီကနေ အမြင်မှန်ရပြီး နိဗ္ဗာန်ဆက်မြင်ကြတာပဲ . . . (မှန်ပါ့) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

www.dhammadownload.com



အဲဒီလောက်တောင် ဘုရားက မှန်နေတာတောင်မှ ပုထုဇဉ်လျှာရှည်မှုကလည်း ရှုပ်လွန်းနေတယ်ဆိုတာ ဦးခင်မောင်ပေါ် လာတယ် . . . (ပေါ်ပါတယ်ဘုရား)။

ပေါ်တဲ့အခါကျလို့ရှိရင်ဖြင့်လည်း သူ မေးလိုက်တယ် အရှင်ဘုရားတို့ ရ တဲ့တရားဟာ . . . အမြင်မှန်ရ တဲ့တရားဟာ အရှင်ဘုရားတို့ကိုယ်တိုင် ထိုးထွင်းပြီး အမြင်မှန်ရတာလား သို့မဟုတ် ဘယ်ဂုရုကြတာတုံး၊ အခုအမြင်မှန်ရတဲ့နည်းတွေဟာ။

ငါ့ရှင် . . . ဘုရားသခင် ကိုယ်တော်မြတ်ကြီးဆီက ရတာပေါ့ကွာ၊ ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒါရှုဆိုလို့ တို့ ဒါရှုတာပါကွာ၊ တစ်ခြားက တရားတော့ မဟုတ်ပါဘူးဆိုတော့ ဒါဖြင့် ဈေးသည်လိုပဲ ဒကာဒကာမတို့ ပင်ရင်းလိုက်မှုပဲ . . . (မှန်ပါဘုရား)။

ဘယ့်နှယ်ဖြစ်သွားသတုံး . . . (ပင်ရင်း လိုက်မှုပါပဲ ဘုရား) ပင်ရင်းလိုက်မှုပဲဆိုတော့ ဒို့ပြင် ကော်မရှင်စား ဆိုရင်၊ တယ် မဝယ်ချင်တော့ဘူးလေ . . . (မှန်ပါ့) ပင်ရင်းလိုက်မှုပဲဆိုပြီး ပင်ရင်းလိုက်ပြီ။

ကိုင်း . . . ဒါဖြင့် ဘုရားဆီ ပုထုဇဉ်ရဟန်းရောက်သွားတယ်၊ ဒကာဒကာမတို့ ဘယ်ရောက်သွားသတုံး . . . (ဘုရားဆီ ရောက်သွားပါတယ်ဘုရား)။

www.dhammadownload.com



## ဘုရားဆီရောက်သွားတယ်

ဘုရားဆီ ပုထုဇဉ်ရဟန်း ရောက်သွားတယ်၊ ဘုရားဆိုတာတော့ 'သဗ္ဗံ ဇာနာတီတိ သဗ္ဗညူ' ဆိုတဲ့အတိုင်း အလုံးစုံ အကုန်သိပြီးသကာလ သူတစ်ပါးကိုလည်းသိ, မိမိသန္တာန်ဖြစ်စဉ်တွေလည်း သိပြီးသကာလလာတော့ ပုထုဇဉ်ရဟန်း လာပဟာဆိုတာသိတယ် . . . (မှန်ပါ့ဘုရား)။

ပုထုဇဉ်ရဟန်းလာပြီဆိုတာသိတော့ အရှင်ဘုရား . . . တပည့်တော်သည်ကားလို့ ဆိုရင် အမြင်မှန်ကလေး ရချင်လို့ သွားပြီးသကာလ မေးပါတယ်ဘုရား . . .၊ မေးခဲ့တာလေးပါးမေးတယ်ဘုရား၊ လေးပါးစလုံး ဘယ်သူ့ဘယ်သူ မတူကြပါဘူး . . . (မှန်ပါ့ဘုရား)။

အဲဒါ တပည့်တော်ကလည်း ဒီဟာ မကျေနပ်တာနဲ့ တချို့က ခြွင်းချက်နဲ့၊ တချို့က အလုံးစုံဟောတယ်၊ တချို့ကလည်းကျဉ်းကျဉ်းကလေးဟောလိုက်ပါတယ်၊ အဲဒါကြောင့် တပည့်တော်သည်ကားလို့ဆိုရင် အရှင်ဘုရားဆီ ဆည်းကပ်ခြင်း ဖြစ်ပါတယ် တပည့်တော်ကို အမြင်မှန်ကလေး သနားပါ . . . ဆိုပြီးသကာလ လျှောက်တာပဲ . . . (မှန်ပါ့)။

ဘုရားက ရိပ်မိတယ်၊ ဩော် . . . ပုထုဇဉ် ပုထုဇဉ်များ တယ်ခက်ပါကလား . . . အမြင်မှန်ကလေး ရဖို့ရာ ဟိုရဟန္တာကြီးတွေ ဟောလိုက်တဲ့ဥစ္စာ အမြင်မှန်ချည့်ပဲ၊ ဒါ

www.dhammadownload.com



ကိုပင်လျှင် မကျေနပ်တော့ ဟိုပုဂ္ဂိုလ်ကြီးတွေကတော့ သူတို့က အာယတန ခြောက်ပါးနဲ့တက်ပြီး နိဗ္ဗာန်ရောက်ခဲ့တယ် . . . ပထမ ပုဂ္ဂိုလ်ပေါ့ဗျာ . . . (မှန်ပါ့)။

ဒုတိယပုဂ္ဂိုလ်က ခန္ဓာငါးပါး ဖြစ်ပျက်မြင်ပြီး နိဗ္ဗာန်မြင်ခဲ့တယ် . . . (မှန်ပါ့) ခန္ဓာငါးပါးအဆုံးမှာ နိဗ္ဗာန်ကိုးဗျ (မှန်ပါ့ဘုရား) တတိယပုဂ္ဂိုလ်က ဓာတ်လေးပါး ဖြစ်ပျက်မြင်ပြီး သကာလ ဓာတ်လေးပါးအဆုံး နိဗ္ဗာန်မြင်ခဲ့တယ်လို့ ဟောလိုက်တယ် . . . (မှန်ပါ့ဘုရား)။

## ပုထုဇဉ်၏အထင်လွဲမှု

စတုတ္ထပုဂ္ဂိုလ်ကတော့ အလုံးစုံသော ဖြစ်တတ်တဲ့ တရားဟူသ၍ အပျက်မှာလမ်းဆုံးတယ်ဆိုပြီး အဲဒီဖြစ်ပျက်အဆုံးဖြစ်တဲ့ နိဗ္ဗာန်ကိုမြင်ခဲ့တယ်လို့ မဟောဘူးလား . . . (ဟောပါတယ်) မမှန်ကြဘူးလားဗျာ . . . (မှန်ပါတယ်ဘုရား) အာယတနခြောက်ပါး အဆုံးမှာလည်း နိဗ္ဗာန်ပဲ ဒကာ ဒကာမတို့ . . (မှန်ပါ့) ခန္ဓာငါးပါး အဆုံးမှာကော . . . (နိဗ္ဗာန်ပါဘုရား) ဓာတ်လေးပါးအဆုံးမှာကော (နိဗ္ဗာန်ပါဘုရား) ဖြစ်ပျက်အဆုံးမှာကော (နိဗ္ဗာန်ပါဘုရား) သဘောကျပလား (ကျပါတယ်ဘုရား)။

ဒါဖြင့် . . . ဒီကိုယ်တော်လေးပါးဟောတာ ဘယ်သူ

www.dhammadownload.com



ဟာ မှားတယ်လို့ ဒကာဒကာမတွေက ဆိုကြမလဲ . . . (ဘယ်သူမှမမှားပါဘုရား) ပုထုဇဉ် အထင်လွဲမှုသာ မှတ်ကြပါတော့ . . . (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ် . . . (ပုထုဇဉ် အထင်လွဲမှုပါဘုရား) ပုထုဇဉ် အထင်လွဲမှုသာ မှတ်ကြပါစို့ ဆိုတော့ ဒကာဒကာမတို့ မသိသေးတဲ့ ပုဂ္ဂိုလ် ပြောရတာသည်ကား . . . ဦးခင်မောင် ဆန်အိတ် ပိုးရတာက သက်သာသေးတယ်နော် . . . (မှန်ပါ့)။

အင်မတန်မှ လေးတဲ့ပုဂ္ဂိုလ်တွေ ဖြစ်နေတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဩော် . . . ဒီပုဂ္ဂိုလ် မင်းက ဒီနေရာမကျတာ ဟိုကိုယ်တော်တွေ ဟောတာက အမှန်ပဲလို့ မြည်လိုက်တွန်လိုက်လို့ရှိရင်လည်း သူ့ခမျာ ခက်ရချေတော့မယ်၊ ဘုရားက သနားတော်မူတယ် . . . (မှန်ပါ့)။

ဟို . . . ရဟန္တာကြီးလေးပါးဟောတာ အမှန်ပဲ မင်းဖျင်းလို့ ပြောလိုက်လို့ရှိရင်လည်း စကားကတော့ မှန်ပါ သနားတဲ့စိတ်ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မပြောဘူး . . . (မှန်ပါ့)။

ဦးခင်မောင်ရေ . . . စကားမှန်တော့ ပြောသင့်တယ်နော် . . . (မှန်ပါ့) သို့သော် ဘုရားက အမိန့်ရှိရဲ့လား . . . (မရှိပါဘုရား) ဘုရားကအမိန့်မရှိဘူး ဒကာဒကာမတို့ . . . နော် . . . (မှန်ပါ့ဘုရား)။

www.dhammadownload.com



## ပေါက်ပင်ဥပမာ ငါပြမယ်

ကိုင်း. . . ဒါဖြင့် ဘုရားက ဘယ်လိုအမိန့်ရှိသတုံး ဆိုလို့ဖြင့်. . . ကွာတဲ့ ပေါက်ပင်ဥပမာနဲ့ ငါပြမယ်ဟော့- ပုထုဇဉ်ရဟန်း ပေါက်ပင်ဥပမာနဲ့ မင့်ကို ငါပြမယ်ကွဆိုတော့ ကိံသုကောပမသုတ်ကို ဦးခင်မောင်ရဲ့နော်. . . (မှန်ပါ့)၊ ပေါက်ပင်ပြရတော့မှာကိုး. . . (မှန်ပါ့)။

ပေါက်ပင်ရောက်ပါမည့်အကြောင်း နှစ်ရက်လောက် ကြာနေတယ်၊ ဒီနေ့မှ ပေါက်ပင်ရောက်တယ် ဦးခင်မောင် ရေ. . . (မှန်ပါ့ဘုရား)။ အတော့်ကို ဝေးနေတယ်. . . (မှန်ပါ ဘုရား)၊ ကဲ. . . ဒါဖြင့် ပေါက်ပင်တော့ရောက်ပြီ. . . ပေါက်ပင် ဥပမာနဲ့ ငါပြမယ်။

ကွာ. . . တဲ့၊ ပေါက်ပင်ဥပမာနဲ့ ငါပြမယ်ဆိုတော့ ဘယ်လိုပြရမှာတုံးဆိုလို့ရှိရင် မင်းသည်ကားလို့ဆိုရင် အဲဒီ ပေါက်ပင်နားမလည်တဲ့ပုဂ္ဂိုလ်လို ဖြစ်နေတယ်ကွာ။

ရှေးက ဆရာကြီးတစ်ယောက်ရှိတယ်တဲ့၊ တီဘီမြစ် ခြောက်ရောဂါစွဲနေတဲ့ပုဂ္ဂိုလ်တွေက လာကြတယ်၊ အရှေ့ ဘက်ကလူက လာတဲ့အခါကျတော့ ဆရာကြီး ကျွန်တော့်မှာ ဖြင့် တီဘီမြစ်ခြောက်စွဲနေပါတယ်၊ ဒီဟာကလေးဖြင့် ကုပေး ပါ, သပေးပါဆိုတော့ ဆရာကြီးက ကုပေးတယ်တဲ့၊ ဟောဒီ ဆေး ယူသွားကွ။

www.dhammadownload.com



သို့သော်. . . မင်းက ဖြည့်စွက်ရမှာက ပေါက်သား ကို အရည်ကျို၊ အရည်ကျိုပြီးသကာလ အဲဒီအရည်တွေ စစ် ပြီးသကာလ ဒီဆေးနဲ့ အဲဒီအရည်နဲ့ သောက်လို့ရှိရင် မင်း မြစ်ခြောက်ပျောက်ပါလိမ့်မယ်. . . (မှန်ပါ့)၊ တီဘီမြစ်ခြောက် ပျောက်ပါလိမ့်မယ်လို့ ပြောလိုက်တယ်. . . (မှန်ပါ့)

## မီးသောင်ငုတ်ကြီးလို ပေါက်ပင်

ဒါနဲ့ ဟိုပုဂ္ဂိုလ်က သွားပြီးသကာလ ရှာလိုက်တယ်၊ ရောဂါရှင်က သွားရှာလိုက်တော့ ပေါက်ပင်က အရွက်ချတုန်း ဆိုတော့ ဒကာဒကာမတွေ မီးသောင်ငုတ်ကြီးလို ဖြစ်နေ တယ် (မှန်ပါ့)၊ သူကတော့ နားလည်တဲ့အတွက် ဒီပေါက်သား ကိုယူပြီးသကာလ ခုနင်က အိမ်ရောက်လာတဲ့အခါ ရေနွေး နဲ့ပြုတ်ပြီး ကျို ကျိုပြီး အဲဒီကပေါက်ရည်နဲ့ ခုနင်က ဆရာကြီး ပေးတဲ့ဆေးနဲ့ ရောသောက်တော့ တီဘီမြစ်ခြောက်ရောဂါ ပျောက်သွားတယ်. . . (မှန်ပါ့)၊ ဒီလိုပဲပျောက်လိုက်တာ ဒကာဝ. . . လေးယောက်စလုံး ပျောက်တယ်. . . (မှန်ပါ့)၊ အနောက်က လာတဲ့လူလည်းပျောက်၊ အရှေ့ကလာတဲ့လူ လည်း ပျောက်၊ တောင်ကလာတဲ့လူလည်း ပျောက်။

နောက် တောသားဇနပုဒ်သားတစ်ယောက်က လာ ပြန်တယ်၊ ဒီမှာ မြစ်ခြောက်ရောဂါအကုကောင်းတဲ့ ဆရာကြီး

www.dhammadownload.com



ရှိတယ်လို့ကြားတာနဲ့. . . (မှန်ပါ)၊ အဲဒီလေးယောက်က ပေါက်ပင်ရှာပုံက ဦးခင်မောင် မတူဘဲဖြစ်နေတယ်. . . (မှန်ပါ)။

## အပွင့် ပွင့်နေတဲ့ပေါက်ပင်

ပထမပုဂ္ဂိုလ်ပေါက်ပင် အရွက်ချတုန်း သွားရှာတယ်၊ ဒုတိယပုဂ္ဂိုလ်ကတော့ ပေါက်ပင်ပွင့်တုန်းမှာ ပေါက်သား ခုတ်လာခဲ့တယ်(မှန်ပါ)၊ အဲဒါနဲ့ ဆရာကြီးပေးတဲ့ဆေးနဲ့ သောက်လိုက်တဲ့အခါ ရောဂါပျောက်သွားတယ်. . . (မှန်ပါ)

## အသီးသီးနေတဲ့ပေါက်ပင်

တတိယပုဂ္ဂိုလ်ကတော့ ပေါက်ပင်တွေ တွဲလျောင်း ကြီးသီးနေတုန်း ပေါက်သားခုတ်ပြီး ယူခဲ့ရတယ်နော် (မှန်ပါ)၊ အဲဒီပေါက်သား သုံးခွက်တစ်ခွက်တင် ကျိုတဲ့ရေနဲ့ ဆရာကြီး ပေးတဲ့ဆေးနဲ့ ရောသောက်လိုက်တာပျောက်ပါတယ်(မှန်ပါ ဘုရား)။ စတုတ္ထပုဂ္ဂိုလ်ကတော့ ပေါက်ပင်ကအရွက်တွေ ဖားပြီး အသီးတွေဘာမှမရှိတာကြောင့် ညောင်ပင်လို ဝိုင်းအုပ်နေတဲ့အချိန်မှာ ဒီအသားသွားခုတ်ပြီး ဒီအသားကို ကျို၊ ကျိုပြီး ဒီအရည်နဲ့ ဆရာကြီးပေးတဲ့ဆေးနဲ့ သောက်လို့ ပျောက်ပါတယ်. . . (မှန်ပါဘုရား)။

www.dhammadownload.com



## အရွက်တွေနဲ့ပေါက်ပင်

သူတို့ ပေါက်ပင်တွေ့ကြတာချင်းက အချိန်ကာလ မတူကြဘူး (မတူပါဘုရား)၊ ပထမပုဂ္ဂိုလ်က ဒကာဒကာမ တို့ အရွက်ချဲတုန်း သွားတွေ့တယ် (မှန်ပါ့ဘုရား)၊ ဒုတိယ ပုဂ္ဂိုလ်က ပွင့်တုန်းသွားတွေ့တယ်၊ တတိယပုဂ္ဂိုလ်ကတော့ အသီးသီးတုန်း (မှန်ပါ့ဘုရား)၊ စတုတ္ထပုဂ္ဂိုလ်က အသီးတွေ တုံးပြီး အရွက်ဖားတဲ့အချိန်မှာ . . (သွားတွေ့ပါတယ်ဘုရား)။

တွေ့ပုံချင်း တူကြရဲ့လား (မတူပါဘုရား) သို့သော် ပေါက်ပင်တော့အတူတူပဲ (မှန်ပါ့)၊ တွေ့ပုံသာမတူတာ၊ အပင် ကတော့ဖြင့် (တူပါတယ်ဘုရား)။ ပေါက်ပင်ချည့်ပဲဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

တောသားတစ်ယောက်က မြစ်ခြောက်စွဲပြီးသကာလ လာတော့ ဒီလေးယောက် ပျောက်တာမြင်တာနဲ့ ဆရာကြီး ဆီကိုယူသွားတယ်၊ ဆရာကြီး ကျွန်တော်လည်း ဒီရောဂါရှိပါ တယ်ဗျာ. . . ကုပေးစမ်းပါဦး။

ဒါဖြင့် ကုပေးတာပေါ့ကွာ. . . ဟောဒီ ငါ့ဆေးယူ သွားကွ၊ အဲဒါ ပေါက်သားကျိုပြီး အဲဒီအရည်နဲ့ သောက်ကွာ လို့ ပြောလိုက်ပါတယ် (မှန်ပါ့)၊ ကျွန်တော် ပေါက်သား နား မလည်ဘူးတဲ့. . . နားမလည်လို့ရှိရင် ဟောဒီ လေးယောက် တောင်ကွာ. . . ပျောက်နေပြီ၊ သွားမေးဆိုတော့ ပထမပုဂ္ဂိုလ် သွားမေးလိုက်တယ်။

www.dhammadownload.com



ပထမပုဂ္ဂိုလ် သွားမေးလိုက်ပါတယ် ဦးဝရဲ့ (မှန်ပါ့)၊ ခင်ဗျား ပေါက်သားကို ခင်ဗျားသိတယ်လို့ပြောပါတယ်၊ ကျုပ်ကို ရှင်းရှင်းလင်းလင်းကလေး ပြောစမ်းပါ၊ ကျုပ်လဲ ဒီရောဂါစွဲလို့ ဒီပေါက်သားအရည်ကျိုပြီး သောက်ရမှာပဲ ဖြစ်နေလို့ ကျုပ်ကိုပြောပါ. . . ဆိုတော့ ဟိုပုဂ္ဂိုလ်က တော်ထဲသွားရှာကွာ. . . ပေါက်ပင်ဆိုတာ မီးလောင်ငုတ်တိုလိုပဲပေါ့. . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ဘာနဲ့တူသတဲ့ (မီးလောင်ငုတ်တိုနဲ့တူပါသတဲ့ဘုရား)။

ဪ. . . မီးလောင်ငုတ်တိုဆိုလို့ရှိရင် ကျက်သရေမရှိတဲ့အပင်က ဆေးနဲ့ဖြင့် မသောက်ဘူး၊ မပျောက်ချင် နေပါစေ၊ ပုထုဇဉ်လျှာရည်တာ (မှန်ပါ့)၊ သဘောကျပလား (ကျပါပြီဘုရား)။

အရှေ့သွားရင် ငွေရမယ်ဆိုတာ သိလျက်သားနဲ့ အရှေ့မှာ နတ်တိုက်ထားတယ်ဆိုပြီး မသွားဘဲနေတဲ့လူနဲ့ တူနေတာပေါ့. . . (မှန်ပါ့ဘုရား)။

ပုထုဇဉ်ဟာ တယ်ရှုပ်ပါကလား (ရှုပ်ပါတယ်ဘုရား)၊ ဒီနေ့ ပြဿဒါးဖြစ်နေတယ်၊ ငွေတောင် သွားမယူသေးဘူး ဆိုတော့ နက်ဖြန်ဆုံးချင်လို့နဲ့တူတယ်သူဟာ. . . (မှန်ပါ့)။

www.dhammadownload.com



ပုထုဇဉ်ဟာ သိပ်ရှုပ်ပါတယ်ဆိုတာ သဘောပါကြ ပလား. . . (ပါ ပါတယ်ဘုရား)။

အဲဒီလိုလည်း ရှုပ်ပြီးသကာလ မနေကြပါနဲ့ဆိုတာ ပုထုဇဉ်ဟာ အင်မတန်မှ ဟိုနိမိတ်လိုက်, ဒီလောကီလိုက်နဲ့ ဒိဋ္ဌိဘက်တွေက အတော်သန်တယ်နော်- ဦးခင်မောင် (မှန်ပါ့)၊ ကြောက်စရာသိပ်ကောင်းတယ်နော်. . . (ကောင်း ပါတယ်ဘုရား)။

ပြီးတော့ သက်ကြီးစကား သက်ငယ်ကြား မဟုတ် တာတွေကလည်း တချို့ပါနေတာတွေ တစ်ပုံကြီးရှိတယ် (မှန်ပါ့)၊ မရှိပေဘူးလား. . . (ရှိပါတယ်ဘုရား)။

## မင်္ဂလာရှိသောနေ့ဆိုတာ

ကိုင်း. . . အဲဒါတွေကိုလည်း ရှောင်ပြီးသကာလ သူတော်ကောင်းအလုပ်- လုပ်တဲ့နေ့ဟာ မင်္ဂလာရှိတဲ့နေ့လို့ သာ မှတ်ကြ (မှန်လှပါဘုရား)။

သူတော်ကောင်းအလုပ်- လုပ်တဲ့နေ့ဟာ (မင်္ဂလာရှိ တဲ့နေ့ပါဘုရား)။

အဲ. . . 'သုနက္ခတ္တံ သုမင်္ဂလံ' ဆိုတာ ကောင်းသော နက္ခတ်။ ကောင်းသော မင်္ဂလာနဲ့ကြုံတဲ့နေ့ဟာ ခင်ဗျားတို့ သူတော်ကောင်းအလုပ် စ, လုပ်တဲ့အချိန်ဟာဖြင့် ပြဿဒါး

www.dhammadownload.com



သော ရက်ရာဇာသော-ရက်ပုပ်သော-ရက်ကန်းသော ရွေးမနေနဲ့. . .။ ဩော်. . . မင်္ဂလာရှိတဲ့နေ့ပဲ သူတော်ကောင်း ရတနာဝင်တဲ့ နေ့ပဲ မှတ်လိုက်. . . (မှန်ပါ့ဘုရား)။

## နေ့ရက်ရွေးမနေကြပါနဲ့

နေ့ရွေး, ရက်ရွေး မနေကြပါနဲ့လို့ ပြောလိုက်တယ်နော် (မှန်ပါ့ဘုရား) ရွေးနေလို့ရှိရင် ခင်ဗျားတို့ ဝိပဿနာရှုမှာတောင် ရက်ရွေးနေဦးမယ်ဆိုရင်ဖြင့် နောက် ခုနစ်ရက်တစ်ပတ်မှ အားထုတ်တော့မယ်ဆိုတော့ ဒီကြားမှာ မသေနိုင်ဘူးလား. . . (သေနိုင်ပါတယ်ဘုရား)။

အဲဒါ ရက်ရွေးမှုကြောင့် အန္တရာယ်ဖြစ်သွားတာ (မှန်ပါ့ဘုရား) ဒါ့ကြောင့် ဒကာ ဒကာမတွေ ဘာမှ ရွေးမနေပါနဲ့ သူတော်ကောင်းအလုပ် -လုပ်တဲ့အချိန်ဟာ ရတနာဝင်တဲ့အချိန်သာမှတ်ပေရော့ (မှန်ပါ) မင်္ဂလာရှိတဲ့အချိန်ကော (မှန်ပါတယ်ဘုရား)။

ကဲ. . . ဒါဖြင့် အမိ, အဘ လုပ်ကျွေးဘာတောင်ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လုပ်ကျွေးတဲ့အချိန် မင်္ဂလာအချိန်ကွလို့ မဟောဘူးလား (ဟောပါတယ်ဘုရား) ပြဿဒါး ရက်ရာဇာ ပါသေးသလား. . . (မပါပါဘုရား)။

မပါပါဘူးဗျ ဒကာ ဒကာမတို့ - 'ဒါနဥ္စဓမ္မစရိယာ'ဆို

www.dhammadownload.com



တာ အလှူပေးတဲ့နေ့ဟာ ဘာနေ့တဲ့ (မင်္ဂလာရှိတဲ့နေ့ပါ ဘုရား)။

ပြဿဒါးနေ့ပေးလည်း 'ဒါနဥ္စ ဓမ္မစရိယာ'ပဲ (မှန်ပါ့) ရက်ရာဇာနေ့ ပေးကော (ဒါနဥ္စ ဓမ္မစရိယာပါပဲဘုရား) ရက်ပုပ် ရက်ကန်းတဲ့နေ့ပေးကော (ဒါနဥ္စ ဓမ္မစရိယာပါပဲ ဘုရား)။

'ဧတံမင်္ဂလ မုတ္တမံ'လို့ ဘုရားက ဟောထားတယ် (မှန်ပါ့) အင်မတန်မြတ်တဲ့ မင်္ဂလာလို့ ဟောထားတော့ ပြဿဒါးနေ့ လှူလည်း မြတ်တယ် ဟောတာပဲ . . . (မှန်ပါ့)။

ခင်ဗျားတို့က ပြဿဒါးနေ့ကျလို့ရှိရင် ဘာဖြစ်ရဦး တော့မလိုလို. . . (မှန်ပါ့ဘုရား)။

## သူများပါးစပ်လမ်းဆုံးနေတယ်

ဒီလိုဖြစ်နေတော့ ခင်ဗျားတို့ဟာက သူများပြောသံ ကြား သူများပါးစပ်ကို လမ်းဆုံးနေတဲ့အဓိပ္ပါယ်ဟာလည်း ကိုယ့်လာဘ်တွေ ဆုံးရှုံးခြင်းဖြစ်တယ်. . . (မှန်ပါ့) မဖြစ်ပေ ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

အေး. . . အဲဒီလို ပုထုဇဉ် လျှာရှည်တယ်ဆိုတာ ကလေး စ၄ လို့ပြောပါတယ်. . . (မှန်ပါ့) နောက်ရှည်ကြ ဦးမလား. . . ခင်ဗျားတို့ . . . (မရှည်ပါဘုရား)။

www.dhammadownload.com



အင်း... အိမ်ကျမှ ရှည်ကြနော်. .. ဒီနေရာ ရှည်လို့တော့. . . မဖြစ်ဘူး၊ အိမ်ကျတော့ မဟုတ်ဘူး သက်ကြီးစကား သက်ငယ်ကြား၊ လောကီဆိုတာ ဟုတ်တည်ရှိတယ်၊ မဟုတ်သည်ရှိတယ် အကုန်ပယ်လို့လည်း ဘယ်ဟုတ်မလဲ. ၊ မိန်းမက အော်လိုက်၊ ယောကျ်ားက ယောင်ချာချာနဲ့ဆို အေး ဟုတ်တယ်ထင်ပါရဲ့ဆိုပြီးသကာလ တော်တော်ကြာကျလို့ရှိရင်ဖြင့် မဟုတ်တာတွေ ပါလာတတ်တယ် ဦးခင်မောင်. . . (မှန်ပါ့) မပါပေဘူးလားဗျာ . . . (ပါပါတယ်ဘုရား)။

မင်းတို့ မသိပါဘူးဆိုပြီး ယောကျ်ားက သန်တာတွေကော မရှိဘူးလား. . . (ရှိပါတယ်ဘုရား) အဲဒါတွေလည်း အများကြီးကြုံကြ ဆုံကြတာပါပဲဆိုတော့ အဲဒါ ဒိဋ္ဌိမပြုတ်သေးလို့ လာတာတွေနော်. . . (မှန်ပါ့)။

ဘယ်ကလာတာပါလိမ့်. . . (ဒိဋ္ဌိမပြုတ်သေးလို့ လာတာပါဘုရား) အဲ. . . သက္ကာယဒိဋ္ဌိ မပြုတ်သေးရာက လာတာဆိုတာ ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပေါက်ပင် ဥပမာနဲ့ ပြလိုက်တော့ ခုနင်က တောသားက အရွက်ချတဲ့အချိန်သွားပြီးသကာလ သူ ဒီအရွက်ချတဲ့ အပင်ကဖြင့် မီးလောင်ငုတ်နဲ့တူလို့ သူမသောက်လိုပါဘူး၊ ရောဂါမပျောက်ချင်နေပါစေဆိုတဲ့ဥစ္စာလည်း တော်တော်ဆိုးတဲ့ လူ. . . (မှန်လှပါဘုရား)။

www.dhammadownload.com



ကိလေသာ ရောဂါပျောက်တဲ့ဥစ္စာ အင်မတန် မကောင်းဘူးလား. . (ကောင်းပါတယ်ဘုရား)။

ကောင်းပင်ကောင်းငြားသော်လည်း ဒီနေ့တရား သွားပြီး အားထုတ်မယ်၊ အိမ်ကနေပြီး စွန့်ပြီး အားထုတ် တော့မယ်ဆိုတော့ ရက်ကလေးများ ရွေးချင်ကြသေးသလား . . . (မရွေးချင်ပါဘုရား)။

ဟုတ်ကဲ့လား ခင်ဗျားတို့ မရွေးနဲ့နော်ဒကာဒကာမတို့ (မှန်ပါ့) ရွေးမနေနဲ့၊ ကုသိုလ်စိတ် အားထုတ်ချင်တဲ့စိတ် ပေါ်လာတဲ့နေ့ဟာ မင်္ဂလာရှိတဲ့နေ့မှတ်. . . (မှန်ပါ့)။

အဲဒါ 'သုနက္ခတ္တံ သုမင်္ဂလံ'ဆိုတဲ့ ကောင်းသော ထ, ခြင်း၊ ကောင်းသော နိုးခြင်းဟာ ဒါပါပဲ. . . (မှန်ပါ့)။

သုခဏောတဲ့ = ကောင်းသောခဏဟာလည်း အခုပေါ်လာတဲ့ ခဏကလေးဟာ ကောင်းတဲ့ ခဏပါပဲလို့ သုတ္တနိပါတ်မှာ လာပါတယ်နော်. . . (မှန်ပါ့)။

ကိုင်း. . . ဒါနဲ့ ဦးခင်မောင် ဒီပုဂ္ဂိုလ်က ဟိုပုဂ္ဂိုလ် ပြောတဲ့အတိုင်း ဒီအပင်ကို သူက ယူချင်တဲ့စိတ်များ ရှိရဲ့ လား. . . (မရှိပါဘုရား)။

ဒါနဲ့ ပထမပုဂ္ဂိုလ်ကို သူသွားမေးတော့ ပေါက်ပင် ဟာကွာ . . . မီးလောင်ငုတ်နဲ့ တူတယ်ဆိုတာနဲ့ သူ့စိတ်ထဲ သောက်ချင်တဲ့စိတ်တွေ ပျောက်ထွက်သွားတယ်. . (မှန်ပါ့)။

www.dhammadownload.com



ခင်ဗျားလိုပေါက်ပင်သိတဲ့ပုဂ္ဂိုလ် ဘယ်ပုဂ္ဂိုလ်များရှိသေးတုံးဆိုတော့ ဟိုနားရှိတယ်ကွ ဆိုပြီးသွားတော့ ခင်ဗျားကျုပ်မှာ ပေါက်ရည်နဲ့ သောက်ရမယ်ဆိုလို့ ခင်ဗျားကလည်းပေါက်ပင်အကြောင်း ပြောစမ်းပါဆိုတော့ ပေါက်ပင်ဆိုတာကွာ. . . နီနေတဲ့အပင်၊ တောထဲမှာ တစ်ပင်လုံးနီနေရင်ပေါက်ပင်သာမှတ်. . . (မှန်ပါ့)။

ရော. . . ခတ်လိုက်တာ၊ ခုနင်က မီးလောင်ငုတ်တဲ့၊ ခုနင်က အမည်း၊ အခုအနီဆိုတော့ သူ သံသယရှိတယ် (မှန်ပါ့) သံသယရှိတယ်။

ဒီလိုဖြစ်နေပြီ၊ ပုထုဇဉ်များ ဒီလိုဖြစ်နေပြီဆိုတာ ဥပမာအားဖြင့် ဘုရားဟောလိုက်တာ ဦးခင်မောင်. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား) ဒါနဲ့ သူ ဒီလိုဖြစ်နေတော့ အရင်ပေါက်ပင်နဲ့ မတူဘူးဆိုပြီး သူ့စိတ်ထဲမှာသံသယရှင်းရဲ့လား. . . (မရှင်းပါဘုရား)။

မရှင်းတာနဲ့ ခင်ဗျားလို ပေါက်ပင်သိတဲ့ပုဂ္ဂိုလ် ပြောစမ်းပါဦးဆိုတော့ ဟိုတတိယပုဂ္ဂိုလ်ဆီ သွားခိုင်းတော့ တတိယပုဂ္ဂိုလ် သူနဲ့ တွေ့တဲ့အခါကျတော့ ကျုပ်ကို ပေါက်ပင်အကြောင်း ပြောစမ်းပါဗျာ၊ ကျုပ်မှာလည်း ဒီဝေဒနာနဲ့ ပေါက်မြစ်ကို ပြုတ်သောက်ရမယ်ဆိုလို့ ဆေးနဲ့ရောရမယ်ဆိုလို့ ကျုပ်ရှာပါတယ်၊ အို. . . ပေါက်ပင်ဆိုတာကွ. . .

www.dhammadownload.com



သံလျက်သီး ဓားအိမ်ကြီးတွေလို တွဲလောင်းကြီး သီးနေတဲ့ အပင်တွေ့ရင် ပေါက်ပင်သာမှတ်. . . (မှန်ပါ့ဘုရား)။

သူတွေ့ဖူးတာ သူပြောတာကိုး. . . (မှန်ပါ့) သို့သော် ပေါက်ပင်ပြားသေးသလား. . . (မပြားပါ) ဒီဟာ ပေါက်ပင် ချည့်ပဲ မဟုတ်လား . . . (ဟုတ်ပါတယ်ဘုရား)။

ဩော်. . . သူတို့ကသာ ရှုပ်နေတာ၊ ဟိုမှာ ပေါက်ပင်ကတော့ ပေါက်ပင်ပဲ. . . (မှန်ပါ့ဘုရား)။

မီးလောင်ထားတဲ့ အရွက်ချနေတဲ့ဟာလည်း ဘာပင်တုံး. . . (ပေါက်ပင်ပါဘုရား) အပွင့်တွေ ပွင့်နေလည်း. . . (ပေါက်ပင်ပါ)အသီးတွေသီးနေလည်း. . . (ပေါက်ပင်ပါဘုရား)။

ပေါက်ပင်ပါပဲဆိုတော့ ဩော်. . . ပေါက်ပင်ဆိုတာ အမျိုးမျိုးကိုးလို့ သူ့စိတ်ထဲမှာ သံသယရှိနေတယ်. . . (မှန်ပါ့ဘုရား)။

ဒါနဲ့ ခင်ဗျားလို ပေါက်ပင်သိတဲ့ပုဂ္ဂိုလ် ဘယ်နားများ ရှိသေးသတုံးဆိုတော့ ဦးခင်မောင် သွားလို့ပြီးနိုင်စရာရှိသေးသလား. . . (မရှိပါဘုရား) သွားလို့ကို မပြီးတော့ဘူး။

သို့သော် သေးခေါက်ပြည့်အောင်တော့ သွားပါရစေဦးဗျာ၊ ဘုရားက လေးခါဟောထားတာကိုးဗျ. . . (မှန်ပါ့) ဒါနဲ့ နာရီစေ့သွားမှာလည်း စိုးရသေးတယ် ဒကာ ဒကာမတို့ (မှန်ပါ့)။

www.dhammadownload.com



ဒီလိုသွားတော့ ပေါက်ပင်သိတဲ့ပုဂ္ဂိုလ်ရှိတယ်ကွ ဟို နားမှာဆိုပြီး သွားမြန်တော့ ဆရာကြီး ကျုပ်ကလည်း မြစ်ခြောက် တီဘီစွဲနေတဲ့အတွက် ပေါက်သားကို ကျိုပြီး သောက်ရမယ်ဆိုလို့ ကျုပ် ပေါက်ပင်အကြောင်းသိချင်လို့၊ ခင်ဗျားလည်းသိတယ်လို့ ဘေးကပုဂ္ဂိုလ်တွေက ပြောကြ တယ်၊ ပေါက်ပင်ပြောစမ်းပါဦး ခင်ဗျားတို့ မြင်ဖူးတဲ့ အကြောင်း. . . တဲ့၊ ပေါက်ပင်ဆိုတာကွာ အရွက်တွေ ဖားဖားကြီး ညောင်ပင်ပိုင်းကြီးလိုနေတယ် (မှန်ပါ့ဘုရား)။

ငွကျသွားပြီ (မှန်ပါ့) ငွကျပြီ၊ အရွက်ဖားတုန်း သွား တွေ့တယ်. . . (မှန်ပါ့ဘုရား)။

## ပေါက်ပင်တစ်ခုတည်း ဖြစ်ပျက်ပြောတာ

ဒါနဲ့ ခုနင်ကပြောခဲ့တဲ့ ရောဂါသည်မှာ ဒကာဝရေ ပေါက်မြစ်ရသေးရဲ့လား. . . (မရပါဘုရား)။

အဲဒီတော့ မင်းဟာလည်း အဲဒီလိုဖြစ်နေပြီကွ-တဲ့၊ စင်စစ်တော့ဖြင့် ဟိုရဟန္တာကြီးလေးပါးဟောတာ ပေါက်ပင် တစ်ခုတည်း ဖြစ်ပျက်ပြောတာ (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ ဘုရား)။

ဘာတဲ့တုံး (ပေါက်ပင်တစ်ခုတည်းပါဘုရား) အဲ- ပေါက်ပင်တစ်ခုတည်းပဲတဲ့၊ ရုပ်ရှုလည်း ဖြစ်ပျက်မြင်ဖို့

www.dhammadownload.com



အရေးကြီးတယ် (မှန်ပါ့) အာယတနခြောက်ပါးရှုလည်း ဘာမြင်ဖို့ အရေးကြီးသလဲ (ဖြစ်ပျက်မြင်ဖို့အရေးကြီးပါတယ်) ဒါဖြင့် ခန္ဓာငါးပါးရှုပြန်တော့ကော (ဖြစ်ပျက်မြင်ဖို့ အရေးကြီး ပါတယ်ဘုရား)။ သဘောပါပလား . . (ပါပါပြီဘုရား)။

ဓာတ်လေးပါး ရှုပြန်တော့ကော (ဖြစ်ပျက်မြင်ဖို့ အရေးကြီးပါတယ်ဘုရား)။

ကိုင်း . . . နောက်ဆုံးပိတ်တော့ ဖြစ်ပျက်ကိုပဲ တိုက်ရိုက်ဟောထားတယ် . . . (မှန်ပါ့ဘုရား)။

နောက်ဆုံးပိတ် ကိုယ်တော်ကတော့ ဘယ်လိုဟော လိုက်ပါလိမ့် . . . (ဖြစ်ပျက်ကိုပဲ တိုက်ရိုက်ဟောထားပါ တယ်ဘုရား)။

အဲ . . . ဒီပုဂ္ဂိုလ် ပြောတဲ့အထဲမှာ အားလုံး တရားနာတဲ့ ပုဂ္ဂိုလ်တွေ စကားမကုန်သေးဘူးလား (ကုန်ပါတယ် ဘုရား)။

အဲဒါ မင်းကသာ ပေါက်ပင်ရှာသလိုရှာနေတာကွာ တဲ့၊ စင်စစ်ကဖြင့် ဟိုပုဂ္ဂိုလ်ကလည်း သူက ဒကာ ဒကာမတွေ ခြောက်ပါးနဲ့ တက်လာလို့ နိဗ္ဗာန်မြင်တာပဲ (မှန်ပါ့) ပထမ ပုဂ္ဂိုလ်ကလေ . . . (မှန်ပါ့ဘုရား)။

ဒုတိယပုဂ္ဂိုလ်က ခန္ဓာငါးပါးအဆုံးမှာ နိဗ္ဗာန်မြင် တယ် (မှန်ပါ့ဘုရား)။

www.dhammadownload.com



တတိယပုဂ္ဂိုလ်ကတော့ ခေတ်လေးပါးအဆုံးမှာ (နိဗ္ဗာန်မြင်ပါတယ်ဘုရား)။

စတုတ္ထပုဂ္ဂိုလ်က ဖြစ်ပျက်အဆုံးမှာ (နိဗ္ဗာန်မြင်ပါတယ်) နိဗ္ဗာန်မြင်ပါတယ်ဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

အဲဒါကြောင့်. . . တဲ့၊ ဒကာ ဒကာမတို့ ဆုံးအောင် လိုက်လို့ရှိရင်ဖြင့် ဖြစ်ပျက်ဆုံးအောင် လိုက်လို့ရှိရင်ဖြင့် အားလုံး ဒကာ ဒကာမတွေ ဖြစ်ပျက်အဆုံးဟာ နိဗ္ဗာန်ပဲ (မှန်ပါ့ဘုရား)။

## ကိုယ့်ခန္ဓာထဲဘာတွေရှိနေလဲ

ကိုယ့်ခန္ဓာကြီးထဲ ဘာတွေရှိနေသလဲ (ဖြစ်ပျက်တွေရှိနေပါတယ်ဘုရား)။

ယောက်ျားမှာလည်း ဘာတွေရှိသလဲ (ဖြစ်ပျက်တွေရှိပါတယ်) ကလေးမှာကော (ဖြစ်ပျက်ပဲရှိပါတယ်) အပျို အရွယ်ကလေးတွေမှာကော (ဖြစ်ပျက်ပဲရှိပါတယ်ဘုရား) သေကာနီးတွေမှာကော . . . (ဖြစ်ပျက်ပဲရှိပါတယ်ဘုရား)။

ဒါဖြင့် ဘာထူးသေးသတုံး (မထူးပါ) ကိုယ့်ရှိတာ ကိုယ်ရှုရုံပဲ. . . (မှန်ပါ့ဘုရား)။

ဖောက်ပြန်တာချည်ပဲ မဟုတ်လား (မှန်ပါ့) အဲ့ဒီတာနဲ့

www.dhammadownload.com



ပဲ ကျက်သရေ မရှိဘူးလို့ လုပ်နေဖို့မလိုဘူး (မှန်ပါ့) ငယ်ငယ်ကလေးမို့လည်း ကျက်သရေမရှိဘူးလို့ လုပ်နေဖို့ မလိုပါဘူး (မှန်ပါ့ဘုရား)။

ခုနင်က အတိုင်းပါပဲ၊ ပုထုဇဉ်ရဟန်း လျှာရှည်သလို ရှည်မနေနဲ့ ဘုရားက . . . ဟေ ပုထုဇဉ်ရဟန်း. . . မင်းသည်ကား‌လို့ဆိုရင်ဖြင့် ဖြစ်ပျက်ရှုဆိုတဲ့ အဓိပ္ပာယ် ပြောလိုက်တာပဲ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘာရှုရမှာတုံး (ဖြစ်ပျက်ရှုရမှာပါဘုရား) ရှင်းကြပြီနော် (ရှင်းပါပြီဘုရား)။

ဒကာ ဒကာမတို့ လက်ကိုင်ထားရမှာ ဘာပါလိမ့် (ဖြစ်ပျက်ပါဘုရား)။

## ဘာကိုတွေ့အောင်ရှာရမှာတုံး

အဲ. . . ဝေဒနာရှုဆိုတဲ့ ပုဂ္ဂိုလ်လည်း ဘာ တွေ့အောင် ရှာရမှာတုံး . . . (ဖြစ်ပျက်တွေ့အောင် ရှာရမှာပါဘုရား)။

စိတ်ရှုဆိုတဲ့ ပုဂ္ဂိုလ်လည်း ဘာတွေ့အောင်ရှာရမှာတုံး . . . (ဖြစ်ပျက်တွေ့အောင်ရှာရမှာပါဘုရား)။

ရုပ်ရှုဆိုတဲ့ပုဂ္ဂိုလ်ကော (ဖြစ်ပျက်တွေ့အောင် ရှာရမှာပါ) အဲ. . . သညာ သင်္ခါရဆိုတဲ့ ဓမ္မာနုပဿနာ ရှုဆိုတဲ့

www.dhammadownload.com



ပုဂ္ဂိုလ်ကော (ဖြစ်ပျက်တွေ့အောင် ရှုရမှာပါဘုရား)။

သစ္စာရှုတဲ့ပုဂ္ဂိုလ်ကော (ဖြစ်ပျက်တွေ့အောင် ရှုရမှာပါဘုရား) ဖြစ်ပျက်တွေ့အောင် ရှုရမှာပဲ (မှန်ပါ့) ဖြစ်ပျက်ဟာ သစ္စာပဲ . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေ တရားဟာ တစ်ခုတည်း ကြော်-ဒီတစ်လုံးတွေ့ဖို့ အရေးကြီးတာပါကလားဆိုတာ ခုနင်က ဒကာ ဒကာမတွေသိတဲ့အတိုင်း ဘုရားဥပမာပေးလိုက်တာ ဦးခင်မောင် တယ်ကောင်းတယ် . . . (ကောင်းပါတယ်ဘုရား)။

မီးလောင်ငုတ်နဲ့တူတဲ့ အပင်က အသားယူပြီး ကျိုသောက်လည်း ပျောက်မှာပဲ (မှန်ပါ့) နီနေတဲ့အပင်က အသားယူပြီး ကျိုသောက်ရင်ကော (ပျောက်မှာပါဘုရား) သံလျက်လို တွဲလောင်းကြီး သီးနေတဲ့ ပေါက်ပင်က အသားယူပြီး ကျိုသောက်ကော. . . (ပျောက်မှာပါပဲဘုရား)။

အဲ. . . ကျိုသောက်ရင် ပျောက်မှာချည့်ပဲ (မှန်ပါ့) ဒီမှာလည်း ဖြစ်ပျက်ရှုရင် (နိဗ္ဗာန်ရောက်မှာပဲ) သဘောပါကြပလား (ပါပါတယ်ဘုရား)။

ဖြစ်ပျက်ရှုရင် (နိဗ္ဗာန်ရောက်မှာပါပဲ) သဘောကျပလား (ကျပါပြီဘုရား)။

အဲဒါကလေး ဘုန်းကြီးက ဒကာ ဒကာမတွေ ဘုရား

www.dhammadownload.com



သခင်ကိုယ်တော်မြတ်ကြီးကလည်း မင်းဟာ ပေါက်ပင်ရှာတဲ့ ပုဂ္ဂိုလ်လိုဖြစ်နေပြီ၊ မင်းကမသိတာ၊ စင်စစ် ဟိုကိုယ်တော် တွေပြောတာတော့ သူတို့နှလုံးသွင်းအတိုင်း သူတို့ပြောတာ ဖြစ်လေသောကြောင့် ဒကာ ဒကာမတို့ . . . အမှန်ချည့်ပဲ တဲ့ (မှန်ပါ့ဘုရား)။

သူတို့နှလုံးသွင်းအတိုင်း သူတို့ပြောတော့ သူတို့ ကျင့်စဉ်အတိုင်း သူတို့ပြောတော့ ဖြစ်ပျက်မှာ လမ်းဆုံးပြီး အမှန်တွေချည့် မရောက်ကြဘူးလား. . . (ရောက်ပါတယ် ဘုရား)။

ဒါဖြင့် ဘယ်ရဟန္တာပြောတာက မှားသေးသတုံး (မမှားပါဘုရား)။

## ဖြစ်ပျက်မြင်ရင်နိဗ္ဗာန်ရောက်ပါတယ်

မင်း. . . အာယတန ခြောက်ပါး ဖြစ်ပျက်[illegible]င် နိဗ္ဗာန်ရောက်ပါတယ်. . . (မှန်ပါ့ဘုရား) သဘောကျ[illegible] (ကျပါပြီဘုရား)။

ခန္ဓာငါးပါး ဖြစ်ပျက်မြင်ရင်. . . (နိဗ္ဗာန်ရောက်ပါ တယ်ဘုရား)။

ဓာတ်လေးပါးဖြစ်ပျက်မြင်ရင် . . . (နိဗ္ဗာန်ရောက်ပါ တယ်ဘုရား)။

www.dhammadownload.com



အလုံးစုံသော တရားတွေ ဖြစ်ပျက်မြင်ရင်. . . (နိဗ္ဗာန်ရောက်ပါတယ်ဘုရား)။

စင်စစ် ဒကာ ဒကာမတို့ ဒီပေါက်သားချည့်ပဲ မကျ ဘူးလား. . . (ကျပါတယ်ဘုရား)။

ပွင့်နေတုန်းမို့ ပေါက်သား မဟုတ်ဘူးလို့ ဆိုမလား (မဆိုနိုင်ပါဘုရား)။

အရွက်ချနေတုန်းမို့ ပေါက်သားမဟုတ်ဘူးလို့ဆို မလား. . . (မဆိုနိုင်ပါဘုရား)။

အသီးသီးနေတုန်းမို့ ပေါက်သားမဟုတ်ဘူးလို့ဆို မလား (မဆိုနိုင်ပါဘုရား) အရွက်ဖားနေတုန်းမို့ ပေါက်သား မဟုတ်ဘူးလို့ ဆိုမလား . . . (မဆိုနိုင်ပါဘုရား)။

ပေါက်သားတစ်ခုသာ အဓိကထားပါ. . . (မှန်ပါ့ ဘုရား) ဒီပြင် မီးလောင်ငုတ်ကြီးလို နေတာကိုလည်း ဦးခင်မောင် အဓိကမထားပါနဲ့. . . (မှန်ပါ့) နီနေတာ လည်း. . . (အဓိကမထားပါနဲ့) သံလျက်လို သီးနေတာတွေ ကော. . . (အဓိကမထားပါနဲ့) အရွက်ဖားကြီးနဲ့နေတာကို ကော . . . (အဓိကမထားပါနဲ့) မထားပါနဲ့၊ ဒီအသားထဲမှာ ရှိတဲ့ ဩဇာကိုရဖို့ အရေးကြီးပါတယ်. . . (မှန်ပါ့ဘုရား)။ အသားခုတ်ပြီး ကျိုလိုက်တဲ့အခါ ဒီအထဲမှာ အဆီအစေး ဩဇာတွေ ကျုပ်တို့ ထုတ်ယူနိုင်ဖို့ အရေးကြီးတယ်. . . (မှန်ပါ့ဘုရား)။

www.dhammadownload.com



ဒီမှာလည်း ခြောက်ပါးရှုလည်း ဖြစ်ပျက်အဆီထုတ်ယူပါ . . . (မှန်ပါ့ဘုရား)။

ငါးပါးရှုလည်း . . . (ဖြစ်ပျက်အဆီ ထုတ်ယူပါ) လေးပါးရှုကော (ဖြစ်ပျက်အဆီထုတ်ယူပါ) နှစ်ပါး ရှုတော့ကော. . . (ဖြစ်ပျက်အဆီထုတ်ယူပါ)။

အဲ. . . နှစ်ပါးရှုတော့ ဖြစ်ပျက်အဆီတောင် ထုတ်စရာ မလိုပါဘူး၊ သူက ဖြစ်ပျက်ဟောထားပြီ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့်. . . ဒကာ ဒကာမတို့ ဘာမှ ရှုပ်မနေနဲ့၊ ခန္ဓာရှုလည်း နိဗ္ဗာန်ရောက်မှာပဲ . . . (မှန်ပါ့)။

အာယတနရှုလည်း. . . (နိဗ္ဗာန်ရောက်မှာပဲ) ဓာတ်ရှုလည်း (နိဗ္ဗာန်ရောက်မှာပါပဲဘုရား)။

သို့သော်. . . ဘယ်လိုမှ ရောက်မှာတုံးလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် ဖြစ်ပျက်သိအောင် အကုန်ဝင်မှရောက်မယ်- (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား) ဖြစ်ပျက်သိအောင် (အကုန်ဝင်မှရပါမယ်ဘုရား)။

အကုန်ဝင်မှ ရမယ်၊ ဖြစ်ပျ. . ဝင်လို့ရှိရင်. . . (မရပါဘုရား)။

အဲ. . . ဒကာ ဒကာမတွေ ရှင်းပြီနော်. . . (ရှင်းပါပြီ) အဲဒီတော့ ပုထုဇဉ်ရဟန်းက လျှာသာရှည်နေတယ်၊

www.dhammadownload.com



လိုရင်း ဆိုက်ကဲ့လား. . . (မဆိုက်ပါဘုရား) သဘောပါ ပလား. . . (ပါပါပြီဘုရား)။

## ဘာကိုအစိုက်ထားရမယ်

ဒါဖြင့်. . . ဒကာ ဒကာမတို့ ဘာကို ကျုပ်တို့ အစိုက်ထားမယ်. . (ဖြစ်ပျက်ကို အစိုက်ထားပါမယ်ဘုရား)။

ဖြစ်ပျက် အစိုက်ထားရလိမ့်မယ်ဆိုတာ သဘော ပလား . . . (သဘောပါပြီဘုရား)။

ဝေဒနာရှုတဲ့ပုဂ္ဂိုလ်လည်း ဘာတွေ့အောင်ရှာရမယ် (ဖြစ်ပျက်တွေ့အောင် ရှာရပါမယ်ဘုရား)။

စိတ်ရှုတဲ့ပုဂ္ဂိုလ်လည်း. . . (ဖြစ်ပျက်တွေ့အောင် ရှာရပါမယ်) သဘောကျပလား. . . (ကျပါပြီ)။

## ဖြစ်ပျက်ဆုံးတော့မဂ်ဉာဏ်

ဓာတ်လေးပါး ရှုတဲ့ပုဂ္ဂိုလ်ကော. . . (ဖြစ်ပျက်တွေ့ အောင်ရှာရပါမယ်ဘုရား) ရှင်းပြီနော်. . . (ရှင်းပါပြီ)။

အဲဒီတော့. . . ဖြစ်ပျက် ရှုလိုက်တဲ့အခါကျတော့ ဖြစ်ပျက်မြင်တာ သည် ယထာဘူတဉာဏ် (မှန်ပါ)။

ရှုဖန်များလာတော့ ဖြစ်ပျက် မုန်းတော့ ဘာဉာဏ် ခေါ်မယ်. . . (နိဗ္ဗိန္ဒဉာဏ်ပါဘုရား)။

www.dhammadownload.com



ဟာ. . . ဖြစ်ပျက်တွေရှုရင်း မဂ္ဂနဲ့ဆုံးတော့ ဘာ ဉာဏ်ခေါ်မယ် (မဂ်ဉာဏ်ပါဘုရား)။

## မျက်ရည်ကျစရာမရှိ

ဒါဖြင့်. . . ဖြစ်ပျက်မြင်ရင် ဘာဉာဏ်ခေါ်မယ် (ယထာဘူတဉာဏ်ပါဘုရား) ဖြစ်ပျက်မုန်းရင် . . . (နိဗ္ဗိန္ဒဉာဏ်ပါဘုရား) ဖြစ်ပျက်ဆုံးသွားပြီဘုရား၊ ရှုရင်းမဂ္ဂနဲ့. . . (နိဗ္ဗာန်ပါဘုရား) အဲဒီလမ်းနဲ့သာ လိုက်မယ်ဆိုရင် ဒကာဒကာမတို့ သေသေချာချာ နိဗ္ဗာန်ကို ရပါတယ်. . . (မှန်ပါ့) သေခါနီး မျက်ရည်ကျစရာ ရှိသေးရဲ့လား. . (မရှိပါဘုရား)။

နိဗ္ဗာန်မြင်ပြီးတဲ့ပုဂ္ဂိုလ်သည် လေးခါလောက်မြင်မယ်ဆိုရင် နောက်ခန္ဓာ မရခြင်းကြောင့်လည်း နောက်ခန္ဓာ မဖြစ်ခြင်းသည် သုခပဲဆိုတဲ့ ဆီကော မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)။

## ဖြစ်ပျက်တစ်လုံး၊ အဆုံးလိုက်ပါ

ကဲ . . . ဒီလို ရပြီးသား ပုဂ္ဂိုလ်ကျတော့ ဒကာဒကာမတို့ မျက်ရည်ကြီးငယ်ကော. . . (မကျပါဘုရား) နောက်ဒုက္ခကော. . . (မရပါဘုရား)။

www.dhammadownload.com



မျက်ရည်ကြီးငယ်လည်း မကျရ၊ နောက်ဒုက္ခလည်း မရ-ရ ဆိုတော့ဖြင့် ဩော်. . . ဒီဖြစ်ပျက်တစ်လုံးကို ငါတို့ အဆုံး လိုက်မှသာလျှင် ကိစ္စပြီးမယ်ဆိုတာ ယနေ့ သဘောကျပလား (ကျပါပြီဘုရား) ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

နက်ဖြန်ကျတော့ ဖြစ်ပျက် သေသေချာချာ လိုက်ပုံနဲ့ တကွပြဦးမယ်။

ကဲ. . . ယနေ့ နာရီစေ့ပြီ တော်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု။

www.dhammadownload.com

www.dhammadownload.com

www.dhammadownload.com